# လုံခြုံမှု ကင်းမဲ့သော ဘဝများ



တအာင်းအမျိုးသမီးအဖွဲ့အစည်း

# တအာင်းအမျိုးသမီးအဖွဲ့အစည်း

၂၀၀၀ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့ ထိုင်းနိုင်ငံ မဲဆောက်မြို့တွင် တအာင်းအမျိုးသမီးအဖွဲ့အစည်းကို ပလောင်အမျိုးသမီးအစည်းအရုံးအမည်ဖြင့် စတင်တည်ထောင်ခဲ့ပါသည်။ တအာင်းလူမှုအသိုင်းအဝိုင်းတွင် ထုံးတမ်းအစဉ်အလာအရ မှားယွင်းသည့် အယူအဆကြောင့် အမျိုးသမီးနှင့် အမျိုးသားများ ခွဲခြားဆက်ဆံခြင်းခံခဲ့ရသည်။ အမျိုးသမီးထုသည် နိုင်ငံရေးတွင် ပါဝင်ခွင့်၊ ခေါင်းဆောင်မှုအခန်းကဏ္ဍ၊ ကျွမ်းကျင်မှုဖော်ထုတ်ခြင်း၊ ပညာရေးနှင့် အမြင်ဖွင့်သင်တန်းတို့တွင် တက်ရောက်နိုင်ခွင့်ကို ကန့်သတ်ပိတ်ပင်ခြင်းခံရသည်။ အခြားသော အဖွဲ့အစည်းများတွင်လည်း တက်တက်ကြွကြွပါဝင်ခွင့် မရခဲ့ပေ။ ထို့ကြောင့် ထိုအယူအဆအဟန့်အတားများ ဖယ်ရှားနိုင်ရန်နှင့် တန်းတူညီမျှမှုကို ရရှိစေရန်အတွက် တအာင်းဒေသရှိ အမျိုးသမီးထုကို စွမ်းရည်မြှင့်တင်ခြင်းများ ပြုလုပ်လျက်ရှိသည်။

၂၀၂၁ ခုနှစ်တွင် နိုင်ငံရေးအပြောင်းအလဲပေါ်မှုတည်၍ ပလောင်အမျိုးသမီးအစည်းအရုံးသည် တအာင်းပြည်သူထုထုနှင့် နီးကပ်စွာ ထိတွေ့ဆက်ဆံနိုင်ရန်အတွက် မြန်မာနိုင်ငံအတွင်းသို့ ရွှေ့ပြောင်းခဲ့သည်။ ထို့ကြောင့် ပဥ္စမအကြိမ်မြောက်ညီလာခံတွင် ပလောင်အမျိုးသမီးအစည်းအရုံးအမည်မှ တအာင်းအမျိုးသမီးအဖွဲ့အစည်းအမည်အဖြစ် တအာင်းလူထု၏ လိုအပ်ချက်များကို လိုက်လျောညီထွေစွာ ပြုပြင်ပြောင်းလဲပြီး လှုပ်ရှားမှုများ ဆောင်ရွက်လျက်ရှိသည်။

ဒီမိုကရေစီစနစ်သို့ ကူးပြောင်းကျင့်သုံးလာသည့် မြန်မာနိုင်ငံသည် မြို့ပြနှင့် ကျေးလက်ဒေသတို့တွင် ပြောင်းလဲတိုးတက်မှု အချို့ရှိလာသည်။ တအာင်းလူထုသည် လူ့အခွင့်အရေးချိုးဖောက်မှုများကို ရင်ဆိုင်လျက်ရှိပြီး တအာင်းအမျိုးသမီးထုသည်လည်း လိင်ကွဲပြားမှုအပေါ် အခြေခံ၍ အပယ်ခံရခြင်းနှင့် ခွဲခြားဆက်ဆံမှုခံနေရဆဲဖြစ်သည်။ တအာင်းအမျိုးသမီး အဖွဲ့အစည်းသည် ထိုအကြောင်းအရာများကြောင့် တအာင်းပြည်သူထုထု၏ လိုအပ်ချက်များကို အကောင်အထည်ဖော်နေသော စီမံချက်များကို ရည်မှန်းချက်ရောက်လှမ်းနိုင်သည်အထိ ဆက်လက်အကောင်အထည်ဖော်လျက်ရှိသည်။

# ကျေးဇူးတင်လွှာ

ဤအစီရင်ခံစာဖြစ်မြောက်ရေးအတွက် တအာင်းအမျိုးသမီးအဖွဲ့အစည်းကို ယုံကြည်ကာ မိမိတို့ ကျူးလွန်ခံခဲ့ရသည့် အကြောင်းအရာ အမှုဖြစ်စဉ်များ၊ သက်သေအထောက်အထားများ၊ အတွေ့အကြုံများကို ပြန်လည် ဖလှယ်မျှဝေပေးသော နစ်နာသူပြည်သူလူထုများအား ကျေးဇူးတင်ကြောင်း မိမိတို့မှ ဖော်ပြမှတ်တမ်းတင်လိုသည်။

ထို့အပြင် ဤအစီရင်ခံစာဖြစ်မြောက်ရေးအတွက် မြေပုံဆွဲပေးသော မိတ်ဆွေများ၊ ဒီဇိုင်းများရေးဆွဲသော မိတ်ဆွေများ၊ မိမိတို့တအာင်း အမျိုးသမီးအဖွဲ့အစည်းမှ ဝန်ထမ်းများ မှတ်တမ်းအချက်အလက်ကောက်ယူရာ နယ်မြေများသို့ ရောက်ရှိရန် ကူညီသည့် မိတ်ဆွေများ၊ မှတ်တမ်းအချက်အလက်ကောက်ခံသော ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ကြောင်း ဖော်ပြလိုသည်။ ဤအစီရင်ခံစာ ဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ ကူညီပေးသော မိတ်ဆွေများ၊ မိမိတို့ ကြုံတွေ့ခဲ့ရသည့် အမှုဖြစ်စဉ်များကို ဖော်ပြထုတ်ဖော်သည့် ပြည်သူများ၊ တန်ဖိုးမဖြစ်နိုင်သော အချက်အလက်များကို ပံ့ပိုးပေးသည့် ပြည်သူများ၊ မိမိတို့အား အဘက်ဘက်မှ ကူညီသော လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် အဖွဲ့အစည်းများအားလုံး အထူးကျေးဇူးတင်အပ်ပါသည်။

# မာတိကာ

**နိဒါန်း** ၁

**နိုင်ငံတကာအဖွဲ့အစည်းများသို့ တောင်းဆိုချက်များ** ၃

**၂၀၂၁ အာဏာမသိမ်းခင် တအာင်းဒေသ အခြေအနေနှင့်
တွေ့ရှိချက်များ** ၆

**၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ အာဏာသိမ်းပြီးသည့်နောက်
အခြေအနေများနှင့် တွေ့ရှိချက်များ** ၈

**တွေ့ရှိချက်များ** ၁၀

၂၀၂၁ – ၂၀၂၄ ခုနှစ် လူ့အခွင့်အရေးချိုးဖောက်မှုများအခြေအနေ ၁၀

၁၀၂၇ စစ်ဆင်ရေးအတွင်း လေကြောင်းဖြင့် တိုက်ခိုက်ခြင်း လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း ၁၄

တအာင်းအမျိုးသမီးအဖွဲ့အစည်းမှ မှတ်တမ်းတင်ထားသော စစ်ရှောင်ပြည်သူများ ၂၆

တော်လှန်ရေးအဖွဲ့အစည်းများ အုပ်ချုပ်သည့်နောက် အခြေအနေများနှင့် တွေ့ရှိချက်များ ၂၇

ပြန်လည်ထူထောင်ရေးအတွက် အကူအညီပေးနေမှု အခြေအနေ ၃၅

မှတ်တမ်းကောက်ယူသည့် နည်းနာများ ၃၈

**နောက်ဆက်တွဲ**
လူ့အခွင့်အရေးချိုးဖောက်မှုများ မှတ်တမ်း ၃၉

ဓာတ်ပုံမှတ်တမ်း ၅၂



# နိဒါန်း

တအာင်းဒေသရှိ ပြည်သူများသည် ပြည်တွင်းစစ်မီး၏ ဒဏ်ကို အခြား တိုင်းရင်းသားများနှင့် နည်းတူ နှစ်ပေါင်းများစွာ ခံစားခဲ့ရပြီး အထူးသဖြင့် မြန်မာစစ်တပ် (တပ်မတော်) ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို ခါးဆီးခံခဲ့ရသည်။ မြန်မာနိုင်ငံတွင် နိုင်ငံရေးပြဿနာဖြစ်သော တိုင်းရင်းသားတန်းတူရေး နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မရှိခြင်းကြောင့် အကြမ်းဖက်စစ်ကောင်စီမှ နိုင်ငံကို မတရားအာဏာသိမ်းကာ တနိုင်ငံလုံးကို မတရားဖိနှိပ်မှုများ၊ ခွဲခြားဆက်ဆံမှု များ၊ စစ်ရာဇဝတ်မှုများအပါအဝင် ပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှု များကို စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ၂၀၁၀ ခုနှစ် နောက်ပိုင်း အရပ်သားအစိုးရ အုပ်ချုပ်မှု ပေါ်ပေါက်ခဲ့သော်လည်း  အကြမ်းဖက်စစ်ကောင်စီမှ ယနေ့အချိန်အထိ ၎င်းတို့ ကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှုများနှင့် လူသားမဆန်သည့် လူ့အခွင့်အရေးချိုး ဖောက်မှုများကို အပြစ်ပေးအရေးယူနိုင်ခြင်းမရှိပဲ ကင်းလွတ်ခွင့်ဖြင့် ဆက်လက်ကျူးလွန်လျက်ရှိသည်။ နိုင်ငံတကာဥပဒေများကို အကြမ်းဖက် စစ်ကောင်စီမှ ချိုးဖောက်နေသော်လည်း တရားမျှတမှုအတွက် နိုင်ငံတကာ ယန္တရားများတွင် အရေးယူနိုင်ခြင်း မရှိသေးပေ။

တဖန် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ အာဏာသိမ်းသည့် နောက်ပိုင်းတွင်လည်း အကြမ်းဖက်စစ်ကောင်စီမှ စစ်အာဏာသိမ်းမှုကို ပြန်လည်ခုခံတော်လှန်သော တော်လှန်ရေးလူငယ်များ၊ အမျိုးသမီးများ ကလေးများပါမကျန် မတရား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ မုဒိန်းကျင့်ခြင်းနှင့် အခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ကျူးလွန်လျက်ရှိသည်။ ထို့အပြင် အကြမ်းဖက်စစ်ကောင်စီတပ်မှ ၎င်းအား ခုခံတော်လှန်သော တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများအား အပြတ်နှိမ်နင်းမည်ဟု ကြွေးကြော်ကာ တိုင်းရင်းသား ပြည်သူလူထုအပေါ် အကြမ်းဖက်မှုများကို နိုင်ငံအနှံ့ ရည်ရွယ်ချက်ရှိရှိ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လာခဲ့သည်။

တအာင်းအမျိုးသမီးအဖွဲ့အစည်းမှ အကြမ်းဖက်စစ်ကောင်စီမှ ကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများကို စနစ်တကျ မှတ်တမ်းတင်ကောက်ယူ လျက်ရှိပြီး အစီရင်ခံစာများကို အာဏာမသိမ်းခင် ကာလကတည်းကပင် ထုတ်ပြန်ခဲ့သည်။ ယနေ့ အာဏာသိမ်းပြီးသည့်အချိန်တွင်လည်း တအာင်း အမျိုးသမီးအဖွဲ့အစည်းမှ တအာင်းဒေသအတွင်းရှိ ပြည်သူများမှ အကြမ်းဖက် စစ်ကောင်စီ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို ခံစားနေရမှု အခြေအနေနှင့် ပတ်သက်ပြီး နေ့စဉ်နှင့်အမျှ မှတ်တမ်းများ၊ အစီရင်ခံစာများ လက်ခံရရှိခဲ့သည်။ အကြမ်းဖက်စစ်ကောင်စီမှ အရပ်သားပြည်သူ များကို ပစ်မှတ်ထားကာ လူအများသွားလာနေသည့် နေရာများဖြစ်သော ဈေးများ၊ ဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ရွာများနှင့် ဆေးရုံများကို စစ်ပွဲများ ဖြစ်ပွါးခြင်းမရှိပဲ

အများပြည်သူ အိပ်စက်သည့် ညအချိန်များတွင် လေယာဉ်ဖြင့် ဗုံးကြဲခြင်းနှင့် တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့သည်။

ထိုအခြေအနေများကို ဤအစီရင်ခံစာတွင် ဖော်ပြပြီး စစ်ရာဇဝတ်မှုများနှင့် နိုင်ငံတကာ ဥပဒေများကို အကြမ်းဖက်စစ်ကောင်စီတပ်မှ ကျူးလွန်ကြောင်း မီးမောင်းထိုးကာ အမှန်တရားနှင့် တရားမျှတမှုအတွက် တာဝန်ယူမှု/တာဝန်ခံမှု ရှိစေရန်နှင့် အရေးယူနိုင်ရန် ရည်ရွယ်တိုက်တွန်းသည်။

ဤအစီရင်ခံစာကို အပိုင်း ၃ ပိုင်းဖြင့် ဖော်ပြလိုပါသည်။ အထူးသဖြင့် ပထမ အပိုင်းတွင် အာဏာမသိမ်းမီ လူ့အခွင့်အရေးချိုးဖောက်မှုများ အခြေအနေနှင့် တွေ့ရှိချက်များ၊ ဒုတိယအပိုင်းတွင် ၂၀၂၁ အာဏာသိမ်းသည့် နောက်ပိုင်းတွင် တွေ့ရှိသည့် ရက်စက်ကြမ်းကြုတ်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် တတိယအပိုင်းတွင် စစ်ပွဲပဋိပက္ခကြောင့် နစ်နာသူ ပြည်သူလူထုများ အခြေအနေကို အဓိက လေ့လာစမ်းစစ်ထားသည်။ ဤအစီရင်ခံစာ၏ အဓိက ရည်ရွယ်ချက်များမှာ အကြမ်းဖက်စစ်ကောင်စီမှ အရပ်သားများကို ပစ်မှတ်ထားပြီး အကြမ်းဖက်မှုများ၊ မတရား ဖိနှိပ်မှုများနှင့် ရက်စက်ကြမ်းကြုတ်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်လျက်ရှိသည်ကို ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ မြေပြင်အခြေအနေများကို လေ့လာစမ်းစစ်စေလိုပြီး နစ်နာသူပြည်သူများအတွက် တရားမျှတမှုရှိစေရန် ကျူးလွန်သူများကို အပြစ်ပေး အရေးယူမှုများ လုပ်ဆောင်နိုင်ရန် မီးမောင်းထိုး တိုက်တွန်းသည်။ ဒုတိယ ရည်ရွယ်ချက်မှာ နစ်နာသူ ပြည်သူလူထုများမှာ စစ်ကောင်စီ၏ မတရား ဖိနှိပ် အုပ်ချုပ်မှုအောက်တွင် လွတ်မြောက်နေသော်လည်း လက်ရှိကာလတွင် အကြမ်းဖက်စစ်ကောင်စီ၏ ရန်လိုမှုကို ခါးဆီးခံနေရပြီး အသက်ရှင်သန် ရပ်တည်ရေးအတွက် လူသားချင်းစာနာမှုအကူအညီ ထောက်ပံ့မှုများ အရေးပေါ်လိုအပ်ကြောင်းကို ထောက်ပြ တောင်းဆိုလိုသည်။

ဤအစီရင်ခံစာတွင် အကြမ်းဖက်စစ်ကောင်စီမှ အရပ်သားများကို ရန်သူသဖွယ် ပစ်မှတ်ထားပြီး အကြမ်းဖက်တိုက်ခိုက်ခြင်း၊ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်း၊ အပြစ်မဲ့ပြည်သူများကို မတရားဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း စသည့် လူ့အခွင့်အရေးများကို ကျူးလွန်ချိုးဖောက်လျက်ရှိသည်။ ထို့အပြင် ရွာသားများအား ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားတိုက်ခိုက်သည့် သက်သေအထောက်အထားများကိုလည်း ဖော်ပြထားသည်။ အကြမ်းဖက်စစ်ကောင်စီသည် ပြည်သူများနှင့် စစ်ဘက်ဆိုင်ရာ ပစ်မှတ်များကို မခွဲခြားနိုင်ခြင်းမဟုတ်ပဲ အပြစ်မဲ့ပြည်သူများကို အကြောက်တရားလွှမ်းမိုးစေရန်နှင့် စစ်တပ်ကိုဆန့်ကျင်ကန့်ကွက်မှုများ မလုပ်နိုင်ရန် ပြည်သူများကို ပစ်မှတ်ထား အကြမ်းဖက်တိုက်ခိုက်ခြင်း ဖြစ်သည်။ ထို့အပြင် အပြစ်မဲ့ရွာသားများသည် ၎င်းအား ခုခံတိုက်ခိုက်နေသည့် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆက်စပ်ပတ်သက်သည်ဟူသည့် စွပ်စွဲချက်ဖြင့် အပြစ်မဲ့ပြည်သူ ရွာသားများအား ပစ်မှတ်ထား အကြမ်းဖက်မှုများ ကျူးလွန်ခြင်းနှင့် ခြိမ်းခြောက်အပြစ်ပေး အရေးယူခြင်းကို စနစ်တကျ ရည်ရွယ်ချက်ရှိရှိ ကျူးလွန်နေခြင်း ဖြစ်သည်ကို တွေ့ရှိရသည်။



# နိုင်ငံတကာအဖွဲ့အစည်းများသို့ တောင်းဆိုချက်များ

- နိုင်ငံတကာအဖွဲ့အစည်းများမှ အကြမ်းဖက်စစ်ကောင်စီကို မြေမြုပ်မိုင်းများ အသုံးပြုမှုကို ရပ်တန့်ရန် ဖိအားပေးပြီး မြေမြုပ်မိုင်းများရှင်းလင်းနိုင်ရန် နည်းပညာအရသော်လည်းကောင်း ငွေကြေးအရသော်လည်းကောင်း ထိရောက်စွာ ကူညီပံ့ပိုးရန်
- နိုင်ငံတကာအဖွဲ့အစည်းများမှ ပြည်တွင်းစစ်မီးကြောင့် ထိခိုက်နစ်နာသည့် ပြည်သူလူထုများကို ထိရောက်သည့် လူသားချင်းစာနာမှုအကူအညီများကို အချိန်နှင့်တပြေးညီ ကူညီပံ့ပိုးရန်
- မြန်မာပြည်ရှိ ဖိနှိပ်ခံပြည်သူများ၏ အသံများနှင့် အတွေ့အကြုံများကို ကိုယ်စားပြုနိုင်ရန်အတွက် လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် မြေပြင်တွင် လှုပ်ရှားနေသော အဖွဲ့အစည်းများအား ငွေကြေးပံ့ပိုးကူညီမှုများ ပူးပေါင်းလုပ်ဆောင်ရန်။
- လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများနှင့် အကြပ်အတည်းများအတွက် ဖြေရှင်းဆောင်ရွက်ရန် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ဒေသတွင်း အမျိုးသမီးအဖွဲ့အစည်း အပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုလုပ်ငန်းစဉ်များလှုပ်ရှားဆောင်ရွက်နေသည့် လူထုအကျိုးပြုအဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးရန်။
- အကြမ်းဖက်စစ်ကောင်စီမှ အရပ်သားပြည်သူများကို လေကြောင်းဖြင့် ရည်ရွယ်ချက်ရှိရှိ ဦးတည်ပြီး တိုက်ခိုက်မှုများကို ရပ်တန့်ရန် ဖိအားပေးခြင်းနှင့် လေယာဉ်ဆီရောင်းချခြင်းနှင့် တင်ပို့ခြင်းကို ရပ်တန့်ရန်။
- စစ်ရာဇဝတ်မှု ကျူးလွန်နေသော အကြမ်းဖက်စစ်ကောင်စီ ခေါင်းဆောင် မင်းအောင်လှိုင်နှင့်အတူ နောက်လိုက်များအား နိုင်ငံတကာ စစ်ရာဇဝတ်ခုံရုံး (ICC) သို့ တရားစွဲနိုင်ရန် တရားလိုရှေ့နေတင်ပြမှုကို ထောက်ခံအားပေးရန်နှင့် အရေးယူပေးရန်။
- နိုင်ငံတကာအဖွဲ့အစည်းများမှ အကြမ်းဖက်စစ်ကောင်စီနှင့် ၎င်း၏ စီးပွါးရေးလုပ်ငန်းရှင် ခရိုနီများကို စီးပွါးရေးပိတ်ဆို့မှုများ ထိရောက်စွာ ဆက်လက်ပြုလုပ်ရန်။
- နိုင်ငံတကာအဖွဲ့အစည်းများမှ ယခုလက်ရှိကြိုးပမ်းအကောင် အထည်ဖော်နေသော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို ပံ့ပိုးကူညီရန်နှင့် ပြည်နယ်အစိုးရများကိုလည်း အသိအမှတ်ပြု လက်တွဲလုပ်ဆောင်ရန်။
- အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများမှ အကြမ်းဖက်စစ်ကောင်စီနှင့် ပူးပေါင်းခြင်း၊ လက်နက်များရောင်းချခြင်း မပြုလုပ်ရန်။

- မြန်မာနိုင်ငံသို့ လေကြောင်းလောင်စာဆီတင်ပို့မှုနှင့် လက်နက်တင်သွင်းရောင်းချမှု အပါအဝင် ထောက်လှမ်းနည်းပညာများနှင့် လုံခြုံရေးဆိုင်ရာ ကိရိယာများတင်သွင်းခြင်းအပါအဝင် ထောက်လှမ်းနည်းပညာများနှင့် အခြားစစ်ဘက်ဆိုင်ရာ ကူညီပံ့ပိုးနေမှုများကို ရပ်တန့်အောင် သေချာစွာ လုပ်ဆောင်ရန်
- အနာဂတ်တွင် ရှမ်းပြည်နယ်ရှိ ပြည်သူများအပေါ် ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်နေသည့် အကြမ်းဖက်စစ်ကောင်စီ၏ လူ့အခွင့် အရေးချိုးဖောက်မှုများအပါအဝင် စစ်ရာဇဝတ်မှုများကို နိုင်ငံတကာ စုံစမ်းစစ်ဆေးမှုများပြုလုပ်မည့် နယ်ပယ်ကို တိုးချဲ့ပြီး တာဝန်ယူမှု တာဝန်ခံမှုရှိစေရန်အတွက် အခြားသော အခွင့်အလမ်းများ (အထူးခုံရုံးများ၊ အပြည်ပြည်ဆိုင်ရာတရား စီရင်ခွင့်များနှင့် အခြားသောယန္တရားများမှတဆင့်) စုံစမ်းစစ်ဆေးမှုများပြုလုပ် ရှာဖွေရန်။





# ၂၀၂၁ အာဏာမသိမ်းခင် တအာင်းဒေသ အခြေအနေနှင့် တွေ့ရှိချက်များ

တအာင်းဒေသတွင် ဖေဖော်ဝါရီလ ၂၀၂၁ ခုနှစ် အာဏာမသိမ်းခင်ကာလကတည်းကပင် အကြမ်းဖက်စစ်ကောင်စီနှင့် တအာင်းအမျိုးသားလွတ်မြောက် ရေးတပ်မတော် - TNLA တို့ကြား ပြင်းထန်သော ထိုးစစ်များဖြစ်ပွါးခဲ့သည်။ ထိုတိုက်ပွဲများကြောင့် အရပ်သား ပြည်သူများမှ နေရပ်ရှိ အိုးအိမ်များ၊ ကျေးရွာများကို စွန့်လွှတ်ကာ ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး တအာင်းဒေသရှိ ပြည်သူများမှာ မတရားဖမ်းဆီးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း၊ မုဒိန်းကျင့်ခြင်းနှင့် အခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအပြင် အခြားသော လူ့အခွင့်အရေးချိုးဖောက်မှုများကို ခံစားခဲ့ရသည်။

မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်မှ စပြီး အရပ်သားအစိုးရပေါ်ပေါက်ကာ ငြိမ်းချမ်းရေးဖော်ဆောင်ရန် တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လုပ်ငန်းစဉ်ရှိသော်လည်း တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) ကို ချန်လှပ် ခွဲခြားဆက်ဆံထားကာ တအာင်းဒေသတွင် အကြမ်းဖက်စစ်ကောင်စီမှ ထိုးစစ်ဆင်ရေးကို တရှိန်ထိုးတိုက်ခိုက်ခဲ့သည်။ ထိုပြည်တွင်းစစ်ကြောင့် တအာင်းဒေသရှိ ပြည်သူများမှ စစ်ပွဲ၏ ဒဏ်ကို အလူးအလဲခံခဲ့ရသည်။ ၂၀၁၆ ခုနှစ်တွင် တအာင်းအမျိုးသမီးအဖွဲ့အစည်းမှ  မြန်မာ့တပ်မတော်မှ ကျူးလွန်ခဲ့သည့် မတ်လ ၂၀၁၁ ခုနှစ်မှ မတ်လ ၂၀၁၆ ခုနှစ်အထိ လူ့အခွင့်အရေးအခြေအနေများကို ဖော်ပြသော “ညှဉ်းပန်းနှိပ်စက်ရန် လေ့ကျင့်ထားသူများ” အစီရင်ခံစာကို ထုတ်ဝေခဲ့သည်။ ထိုအစီရင်ခံစာတွင် အပြစ်မဲ့ရွာသားများအား တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်ကို ဆက်သွယ်၍ ထောက်ခံသည်ဟု စွတ်စွဲကာ ရွာသားများအား အရေပြားခွာခြင်း၊ ဆေးလိပ်မီးဖြင့်တို့၍ စစ်ဆေးခြင်း၊ ဓါတ်လိုက်လျှော့တိုက်စေခြင်း အပါအဝင်နည်းမျိုးစုံဖြင့် ညှဉ်းပန်းနှိပ်စက်မှု အခြေအနေများကို ဖော်ပြခဲ့သည်။ စုစုပေါင်း ရွာသား (၁၁၇) ဦးကို အကြမ်းဖက်စစ်ကောင်စီမှ ညှဉ်းပန်းနှိပ်စက်မှုများကို ကျူးလွန်ခဲ့ကြောင်းနှင့် တခြားလူ့အခွင့်အရေးချိုးဖောက်မှုများကို ထိုအစီရင်ခံစာတွင် ဖော်ပြခဲ့သည်။



ထို့အပြင် ၂၀၁၉ ခုနှစ်တွင် တအာင်းအမျိုးသမီးအဖွဲ့အစည်းမှ ထုတ်ဝေခဲ့သော “Peace Never Came” အစီရင်ခံစာတွင်လည်း အပြစ်မဲ့ ပြည်သူလူထုများ (၂၀၄) ဦးသည် မြန်မာ့တပ်မတော်၏ မတရားဖမ်းဆီးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံခဲ့ရပြီး ရွာလုံးကျွတ်မီးရှို့ခံရခြင်း၊ လူသားဒိုင်းအဖြစ် အတင်းအဓမ္မစေခိုင်းခံရခြင်းစသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကိုလည်း ပြင်းထန်စွာ ခံခဲ့ရကြောင်း ဖော်ပြသည့် အစီရင်ခံစာကိုလည်း ထုတ်ဝေခဲ့သည်။ တအာင်းဒေသရှိ ပြည်သူလူထုများသည် အကြမ်းဖက်စစ်ကော်စီမှ ရန်သူသဖွယ်ပစ်မှတ်ထားပြီး အကြမ်းဖက်နှိမ်နင်းမှုများ ပြုလုပ်ခဲ့ကြောင်း ထင်ရှားသည့် သက်သေ သာဓကများ ထိုအစီရင်ခံစာတွင် တွေ့မြင်နိုင်သည်။ အာဏာမသိမ်းခင်ကာလကတည်းကပင် နှစ်ပေါင်းများစွာ တအာင်းဒေသရှိ ပြည်သူလူထုများသည် ပြည်တွင်းစစ်မီး၏ ဒဏ်ကို ခါးဆီးခံခဲ့ရပြီး ပြည်တွင်းစစ်ဘေးဒုက္ခသည်အဖြစ် တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့နေထိုင်ခဲ့ရသည်။

၂၀၁၉ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း တအာင်းဒေသရှိ ပြည်သူများသည် အကြမ်းဖက်စစ်ကောင်စီ၏ လက်နက်ကြီး ရမ်းသမ်းပစ်ခတ်မှုများကြောင့်လည်းကောင်း၊ ကျေးရွာအတွင်းသို့ လက်နက်ကြီး ပစ်ခတ်ခြင်းကြောင့်လည်း ကောင်း၊ အကြောင်းပြချက်မရှိ ရွာလုံးကျွတ်မီးရှို့ဖျက်ဆီးခြင်းကြောင့်လည်း ကောင်း မိမိတို့ အိုးအိမ်များ နေရပ်မှ စွန့်ခွာကာ ထွက်ပြေးတိမ်းရှောင်နေရသည့် စုစုပေါင်း လူဦးရေ (၄)ထောင်ကျော်ခန့် ရှိခဲ့သည်။ ထိုပြည်တွင်း စစ်ဘေးဒုက္ခသည်များအား မိမိတို့နေရပ်သို့ ပြန်လည်အခြေချခြင်းများ မလုပ်ဆောင်နိုင်သေးပဲ ထပ်မံပြီး ၂၀၂၁ ခုနှစ် အာဏာသိမ်းသည့်ကာလနောက်ပိုင်းတွင် တိုက်ပွဲများပိုမို ပြင်းထန်လာခဲ့သည်။ ထို့ကြောင့် တအာင်းဒေသရှိ စစ်ဘေးဒုက္ခသည်များသည် (၁)သိန်း ကျော် တရှိန်ထိုး တိုးမြင့်လာခဲ့သည်။

# ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ အာဏာသိမ်းပြီးသည့်နောက် အခြေအနေများနှင့် တွေ့ရှိချက်များ

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ရှမ်းပြည်နယ်မြောက်ပိုင်း တအာင်းဒေသရှိ ပြည်သူလူထုများသည် အာဏာ မသိမ်းခင်ကတည်းကပင် အကြမ်းဖက်စစ်ကောင်စီ၏ ရန်လိုမှု ဖိနှိပ်နှိမ်နင်းမှု အကြောက်တရားအောက်တွင် အသက်ရှင်နေထိုင်ခဲ့ကြရသည်။ ၂၀၂၁ ခုနှစ်တွင် တဖန် အာဏာသိမ်းပြီး နောက်ပိုင်းတွင်လည်း တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) အပါအဝင် တခြားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အကြမ်းဖက်စစ်ကောင်စီတို့ တိုက်ပွဲများ ပြင်းထန်စွာ ပြန်လည်ဖြစ်ပွါးခဲ့သည်။ အကြမ်းဖက်စစ်ကောင်စီမှ အာဏာသိမ်းပြီးသည့်နောက်တွင် ၎င်းကို နိုင်ငံတော်အုပ်ချုပ်ရေးကောင်စီ - နစကဟု ပြန်လည်ဖွဲ့စည်း အမည်တွင်စေပြီး ၎င်း၏ အမိန့်အောက်တွင် ပြည်သူလူထုများကို ပွင့်လင်းစွာ သတ်ဖြတ်အကြမ်းဖက်မှုများကို ပိုမိုကျူးလွန်ခဲ့သည်။

အာဏာသိမ်းမှုကို ဆန့်ကျင်ကန့်ကွက်သည့် လူငယ်များ၊ အမျိုးသမီးများ၊ ကလေးငယ်များအပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို အမြစ်ဖျက် ချေမှုန်းမည်ဟုလည်း ကြေငြာခဲ့သည်။ ထို့နောက် တအာင်းဒေသရှိ ပြည်သူလူထုများသည် အကြမ်းဖက်စစ်ကောင်စီ၏ ဖိနှိပ်မှုများ ပိုမိုသိသာထင်ရှားလာခဲ့သည်။ အဘယ်ကြောင့်ဆိုသော် တအာင်းလူမျိုးတိုင်းသည် တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော်အား ထောက်ခံသူ၊ ဆက်စပ်ပတ်သက် ဆက်သွယ်သူဟုစွပ်စွဲကာ ဖိနှိပ်မှုများကို ပွင့်လင်းစွာ အကြမ်းဖက်စစ်ကောင်စီမှ ကျူးလွန်ခဲ့သည်။ အပြစ်မဲ့ ပြည်သူများအား မတရားဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ညှဥ်းပန်းနှိပ်စက်ခြင်း၊ ရွာသားများပိုင် ပစ္စည်းများအား ဖျက်ဆီးခြင်းနှင့် မီးရှို့ခြင်း၊ လူသားဒိုင်းအဖြစ် အဓမ္မစေခိုင်းခြင်း၊ မုဒိန်းကျင့်ခြင်းနှင့် အခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းစသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို လိုင်စင်ရသကဲ့သို့ ကျူးလွန်လျက်ရှိသည်။

ထို့အပြင် တအာင်းဒေသရှိ ပြည်သူများ နေထိုင်ရာ ကျေးရွာအတွင်းသို့ စစ်ပွဲများဖြစ်ပွါးခြင်းမရှိပဲ တိုက်ခိုက်ခြင်း၊ လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း၊ ဓါတုလက်နက်များ အသုံးပြုခြင်း၊ လေကြောင်းဖြင့် အများပြည်သူပိုင်နေရာများဖြစ်သော ဈေးများ၊ ဆေးရုံများ၊ ဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းများကို ဗုံးကြဲခြင်း စသည့်တို့ကို ရည်ရွယ်ချက်ရှိရှိလုပ်ဆောင်ခဲ့သည်။ အကြမ်းဖက်စစ်ကောင်စီမှ ဤကဲ့သို့ လုပ်ဆောင်ကျူးလွန်ခြင်းသည် အရပ်သားပြည်သူများကို ပစ်မှတ်ထားပြီး ရန်သူသဖွယ် သဘောထားကာ ပြည်သူများ အကြောက်တရားလွှမ်းမိုးရန် ရည်ရွယ်ပြီး လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို ကျူးလွန်ကြောင်း နိုင်ငံတကာဥပဒေများကို ချိုးဖောက်ခြင်းဖြစ်သည်။



၂၀၂၁ ခုနှစ် အာဏာသိမ်းခြင်းပြီးနောက် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ရမခတိုင်း အကြမ်းဖက်စစ်ကောင်စီတည်ရှိရာ လားရှိုးမြို့အပါအဝင် အခြားသောမြို့များကိုပါ မဟာမိတ်ညီနောင် (၃) ဖွဲ့မှ မြို့သိမ်းတိုက်ပွဲ "၁၀၂၇ စစ်ဆင်ရေး"ကို ဖော်ဆောင်ခဲ့သည်။ ထိုသို့ မြို့သိမ်းတိုက်ပွဲစစ်ဆင်ရေး စတင်ခဲ့သည့် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက် နောက်ပိုင်းတွင် အကြမ်းဖက်စစ်ကောင်စီသည် ၎င်းတို့၏ စစ်တပ်စခန်းများ၊ မြို့များကို လက်လွတ်ဆုံးရှုံးရသည့် အတွက်ကြောင့် အများပြည်သူ အိပ်စက်ချိန် ညအချိန်များတွင် ပြည်သူများ၏ အိုးအိမ်များ၊ နောက်သို့ပို့ထားသည်) ကျေးရွာအတွင်းသို့ စစ်ပွဲများ မရှိပဲ လက်နက်ကြီး ရမ်းသမ်းပစ်ခတ် တိုက်ခိုက်ခြင်း၊ ပြည်သူများ၏ အိုးအိမ်များ၊ အများပြည်သူပိုင်ဆေးရုံများ၊ ဈေးများ၊ စာသင်ကျောင်းများ၊ ရှေးဟောင်းအမွေအနှစ်ရှိရာ နေရာများ၊ ဘုန်းကြီးကျောင်းများကို ရည်ရွယ်ချက်ရှိရှိ လေကြောင်းဖြင့် အဆမတန် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ အကြမ်းဖက်စစ်ကောင်စီမှ ဤကဲ့သို့ မဆင်မခြင် တိုက်ခိုက်ခြင်းသည် တမင်ရန်လို တိုက်ခိုက်ခြင်းဖြစ်ပြီး နိုင်ငံတကာ ဥပဒေများကို ချိုးဖောက်လျက်ရှိသည်။

အရပ်သားပြည်သူများနေထိုင်ရာ ကျေးရွာအတွင်းသို့ လက်နက်ကြီး ပစ်ခတ်ခြင်းအပါအဝင် လေကြောင်းဖြင့် အများပြည်သူနေထိုင်ရာနှင့် သွားလာရာနေရာများကို ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် ကလေးငယ်များအပါအဝင် သက်ကြီးရွယ်အို ရွာသားများ သေခြင်း၊ ပြင်းထန်သော ဒဏ်ရာရခြင်း၊ ကျေးရွာအိုးအိမ်များ မီးလောင်ခြင်း၊ ပျက်ဆီးခြင်းများနှင့် နေရပ်ပြောင်းရွှေ့နေထိုင်ခြင်းများ ဖြစ်ပေါ်စေခဲ့သည်။

အကြမ်းဖက်စစ်ကောင်စီမှ ၎င်းတို့ စစ်တပ်စခန်းများကို ဆုံးရှုံးပြီးနောက်တွင် ရှမ်းပြည်နယ် မှတ်ပုံတင်ကိုင်ဆောင်ထားသော ဝ၊ ကိုးကန့်၊ တအာင်း စသော လူမျိုးများကို ခရီးသွားလာခွင့် အခွင့်အရေးကို ပိတ်ပင်ကြောင်း ၎င်းတို့ပိုင် မြန်မာ့အလင်း သတင်းစာနှင့် အခြားသော သတင်းမီဒီယာများတွင် ထည့်သွင်းကြေငြာခဲ့သည်။ အကြမ်းဖက်စစ်ကောင်စီမှ ပြုလုပ်နေသော ဤလုပ်ရပ်သည် လူမျိုးရေးကို အခြေပြုပြီး ခွဲခြားဆက်ဆံကာ ပြည်သူလူထုကို ရန်သူဟု သတ်မှတ်ခြင်းဖြစ်သည်။

ထို့အပြင် မဟာမိတ်ညီနောင် (၃) ဖွဲ့ စစ်ဆင်ရေးဖော်ဆောင်သော ရှမ်းပြည်နယ်မြောက်ပိုင်းတွင် လားရှိုး၊ သိန္နီ၊ ကွတ်ခိုင်၊ နမ့်ခမ်း၊ မူဆယ်၊ နမ့်ဆန်၊ မန်တုံ၊ နမ္မတူ၊ နောင်ချို၊ မိုးကုတ်၊ မိုးမိတ်၊ မိုင်းလုံ၊ မိုင်းငေါ့မြို့နယ်များတွင် ဖြတ် (၄) ဖြတ် ပေါ်လစီကို ပြန်လည်ကျင့်သုံးခဲ့သည်။ အကြမ်းဖက် စစ်ကောင်စီမှ ထိုမြို့နယ်များသို့ အစားအသောက်များကို ဖြတ်တောက်ခြင်း၊ သတင်းအချက်အလက် ဆက်သွယ်ရေးလမ်းကြောင်းများကို ဖြတ်တောက်ခြင်း၊ ရံပုံငွေဖြတ်တောက်ခြင်းနှင့် လူသစ်စုဆောင်းခြင်းဆိုင်ရာ ဖြတ်တောက်ခြင်း အရပ်သားပြည်သူများအား ပြင်းထန်သော ပြစ်ဒဏ်ပေးရန် ရည်ရွယ်ကျင့်သုံးခဲ့သည်။ ဤကဲ့သို့ အပြစ်မဲ့ပြည်သူများအား ပစ်မှတ်ထားပြီး ဖိနှိပ်ခြင်းသည် အခြေခံလူ့အခွင့်အရေးကို ချိုးဖောက်ခြင်းနှင့် လူသားမျိုးနွယ်အပေါ် ရာဇဝတ်မှုများကို ကျူးလွန်ခြင်းဖြစ်သည်။

# တွေ့ရှိချက်များ

## ၂၀၂၁ – ၂၀၂၄ ခုနှစ် လူ့အခွင့်အရေး ချိုးဖောက်မှုများအခြေအနေ

အကြမ်းဖက်စစ်ကောင်စီသည် ရှမ်းပြည်နယ်အပါအဝင် တိုက်ပွဲများဖြစ်ပွါးရာဒေသများတွင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ပြောင်ပြောင်တင်းတင်းချိုးဖောက်လျက်ရှိသည်။ တအာင်းဒေသအတွင်းတွင်လည်း ခေတ်အဆက်ဆက်လူအခွင့်အရေးချိုးဖောက်မှုများကို ပြစ်ဒဏ်ကင်းလွတ်ခွင့်ဖြင့် အခြားသောဒေသများနည်းတူ ချိုးဖောက်ကျူးလွန်လျက်ရှိသည်။ တအာင်းအမျိုးသမီးအဖွဲ့အစည်းမှ မြန်မာစစ်တပ်/အကြမ်းဖက်စစ်ကောင်စီမှ ကျူးလွန်ခဲ့သောလူ့အခွင့်အရေးချိုးဖောက်မှုများကို စနစ်တကျ မှတ်တမ်းတင်ကာ အစီရင်ခံစာများ ထုတ်ဝေခဲ့သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ အာဏာသိမ်းပြီးနောက်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ပိုမိုပြင်းထန်စွာ စစ်လက်နက်တစ်ခုအဖြစ် အသုံးပြုကာ လူ့အခွင့်အရေးချိုးဖောက်မှုများကို ကျယ်ကျယ်ပြန့်ပြန့်နှင့် ရည်ရွယ်ချက်ရှိရှိ ကျူးလွန်နေကြောင်း တွေ့ရှိရသည်။ တအာင်းအမျိုးသမီးအဖွဲ့အစည်း၏ လက်လှမ်းမှီသော မှတ်တမ်းများအရ တအာင်းဒေသအတွင်း အကြမ်းဖက်စစ်ကောင်စီမှ ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်းတွင် မြို့နယ် ၁၄ မြို့နယ်မှ အမှုပေါင်း ၂၈၃ မှု၊ စုစုပေါင်း အပြစ်မဲ့ ပြည်သူပေါင်း ၈၉၄ ဦးတို့အပေါ် ပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှုများကို ကျူးလွန်ချိုးဖောက်ခဲ့သည်။

တအာင်းဒေသများတွင် အကြမ်းဖက်စစ်ကောင်စီမှ လူ့အခွင့်အရေးချိုးဖောက်မှုများဖြစ်သော အရပ်သားပြည်သူများအပေါ် လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် ထိခိုက်သေဆုံးခြင်း၊ လက်နက်ကြီးဖြင့် အလွန်အကျွံအသုံးပြုခြင်းနှင့် အဆင်အခြင်မဲ့ ဗုံးကြဲတိုက်ခိုက်ကြောင့် ထိခိုက်နစ်နာခြင်း၊ ညှဥ်းပန်းနှိပ်စက်ခြင်းနှင့် လူသားမဆန်ခြင်း၊ သတ်ဖြတ်ခြင်း၊ သေနတ်ဖြင့် ပစ်သတ်ခြင်း၊ မတရားဖမ်းဆီးချုပ်နှောင်ခြင်းနှင့် ထိန်းသိမ်းထားခြင်း၊ မုဒိန်းကျင့်ခြင်းနှင့် မတရားပေါ်တာဆွဲခြင်းအပြင် မြေမြှုပ်မိုင်းများ အသုံးပြုခြင်းကြောင့် ပြည်သူများ ထိခိုက်နစ်နာ သေဆုံးခြင်းတို့ကို ပြောင်ပြောင်တင်းတင်း ကျူးလွန်ချိုးဖောက်ခဲ့သည်။

အာဏာသိမ်းပြီး နောက်ပိုင်းတွင် အဓိက တွေ့ရှိချက်များမှာ အရပ်သားများအား ပစ်မှတ်ထားပြီး လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းနှင့် အရပ်သားများ တည်ရှိရာ နေရာများကို လက်နက်ကြီးဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကို ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေသည်ကို တွေ့ရှိရသည်။

### ၂၀၂၁– ၂၀၂၄ ခုနှစ်အတွင်း အကြမ်းဖက်စစ်ကောင်စီ၏ လူ့အခွင့်အရေးချိုးဖောက်မှုအချုပ်






ယခင်အာဏာ မသိမ်းခင်ကာလများတွင် လက်နက်ကြီးဖြင့် ပြည်သူများ နေထိုင်သည့် နေရာများကို ဗုံးကြဲတိုက်ခိုက်ခြင်း အကြိမ်အရေအတွက် နည်းပါးကာ အရပ်သားပြည်သူများထိခိုက်မှုလည်း နည်းပါးခဲ့သည်။ သို့သော် အာဏာသိမ်းပြီးသည့်အချိန် အထူးသဖြင့် ၁၀၂၇ စစ်ဆင်ရေးတွင် အရပ်သားပြည်သူများ နေထိုင်သည့် ကျေးရွာများ၊ မြို့များ၊ စာသင်ကျောင်းများ၊ ဘုန်းကြီးကျောင်းများအပါအဝင် အများပြည်သူပိုင် နေရာများကို အကြောင်းပြချက်မရှိ လက်နက်ကြီးများကို အဆင်အခြေမဲ့စွာ ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

တအာင်းအမျိုးသမီးအဖွဲ့အစည်း လက်လှမ်းမှီသည့် မှတ်တမ်းများအရ အဆင်အခြင်မဲ့ လက်နက်ကြီးပစ်ခတ်မှုကြောင့် အရပ်သားပြည်သူများ ထိခိုက်နစ်နာသူနှင့် သေဆုံးသည့် လူဦးရေပေါင်း ၂၆၄ ဦးရှိခဲ့သည်။ ထိုသို့ ထိခိုက်နစ်နာ သေဆုံးရသည့် ပြည်သူများထဲတွင် ကလေးငယ်များနှင့် အမျိုးသမီးများ အပါအဝင် သက်ကြီးရွယ်အိုများ အများစု ထိခိုက်နစ်နာကြောင်းကို တွေ့ရှိရသည်။ ထို့အပြင် လက်နက်ကြီးဖြင့် အရပ်သားပြည်သူများအပေါ် ဦးတည်တိုက်ခိုက်ခြင်းကြောင့် လက်ငင်းအကျိုးဆက်အနေဖြင့် ရွာသားများ သေဆုံးခြင်း၊ ခြေလက်ပြတ်ခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ အိုးအိမ်များ ပျက်စီးထိခိုက်ခြင်းနှင့် အသက်မွေးဝမ်းကျောင်းနေရာများ ထိခိုက်ပျက်စီးခြင်းများ တွေ့ရှိရသည်။ ရေရှည်အကျိုးဆက်

ထိခိုက်မှုများမှာ မိမိတို့၏ အိုးအိမ်များ နေရပ်များကို စွန့်ခွါ၍ ထွက်ပြေးရခြင်း၊ အကြောက်တရားဖိနှိပ်မှုများခြင်း၊ စိတ်ဒဏ်ရာရခြင်း၊ ကလေးပညာရေးများ ထိခိုက်နစ်နာခြင်းနှင့် မပေါက်ကွဲသေးသည့် လက်နက်အကြွင်းအကျန် အန္တရာယ်ရှိခြင်းတို့ကိုလည်း ရင်ဆိုင်နေရသည်ကိုလည်း တွေ့ရှိရသည်။

ပထမအများဆုံး လူ့အခွင့်အရေးချိုးဖောက်မှုမှာ ကျေးရွာအတွင်း (သို့) လူအများနေထိုင်သည့် နေရာများအတွင်းတွင် အကြမ်းဖက်စစ်ကောင်စီမှ တိကျသေချာသည့် အကြောင်းရင်းမရှိပဲ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းဖြစ်သည်။ ယင်းကဲ့သို့ လေကြောင်းဖြင့် တိုက်ခိုက်ခြင်းကြောင့် ထိခိုက်နစ်နာသူများ ၂၇၅ ဦး ရှိသည်။ အကြမ်းဖက်စစ်ကောင်စီမှ ပြည်သူများကို တော်လှန်ရေးအဖွဲ့အစည်းများကို ထောက်ခံသည်ဟု စွပ်စွဲကာ ပြစ်ဒဏ်ပေးသည့် ရည်ရွယ်ချက်ဖြင့် လေကြောင်းတိုက်ခိုက်ခြင်းကို အဆမတန်နေ့စဉ် တိုက်ခိုက်ခဲ့သည်။ လေကြောင်းတိုက်ခိုက်မှုကြောင့် ပြည်သူများမှ မိမိတို့၏ အိုးအိမ်များ ကျေးရွာများတွင် မနေထိုင်ရဲဘဲ အကြောက်တရားအောက်တွင် နေထိုင်ရပြီး လူထုအများအပြား သေကြေထိခိုက်ခဲ့ရသည်။ အကြမ်းဖက်စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူများကို အစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့သည်။ ထို့အပြင် လေကြောင်းတိုက်ခိုက်ရာတွင် မပေါက်ကွဲသေးသည့် လက်နက်အကြွင်းအကျန်များ၏ ဘေးအန္တရာယ်လည်း ပြည်သူများ ရင်ဆိုင်နေရသည်။

အပြစ်မဲ့ ကလေးများမှ စစ်အကြွင်းအကျန် လက်နက်များကို လက်နက်မှန်းမသိပဲ ကိုင်ဆော့မိရာတွင် လက်နက်ပေါက်ကွဲပြီး သေဆုံးသည့် ကလေးများလည်း အများအပြားရှိကြောင်း တအာင်းအမျိုးသမီးအဖွဲ့အစည်းမှ မှတ်တမ်းတင် လက်ခံရရှိထားသည်။ လက်နက်အကြွင်းအကျန် ပေါက်ကွဲမှုကြောင့် ထိခိုက်နစ်နာသည့် ပြည်သူများမှာ ၂၃ ဦး ရှိခဲ့သည်။

တပြိုင်နက်တည်းတွင် အပြစ်မဲ့ပြည်သူများအား အကြမ်းဖက်စစ်ကောင်စီမှ ၎င်း၏ တပ်စခန်းများကို ဆုံးရှုံးသည့်အခါ ပြည်သူများအား တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆက်သွယ်သည်ဟု စွပ်စွဲကာ အပြစ်မဲ့ပြည်သူများကို ဖမ်းဆီးကာ ညှဉ်းပန်းနှိပ်စက်မှုများလည်း ပြုလုပ်ခဲ့သည်။

တအာင်းဒေသတွင် အကြမ်းဖက်စစ်ကောင်စီမှ  မတရားဖမ်းဆီးချုပ်နှောင်ခြင်းနှင့် အကြမ်းဖက်ခြင်းများကို ရည်ရွယ်ချက်ရှိရှိ အသုံးချ ကျူးလွန်ခဲ့သည်။ ပြည်သူများကြောက်လန့်စေရန် ရည်ရွယ်ကာ အပြစ်မဲ့ပြည်သူ ၁၀၀ ဦးကို မတရားဖမ်းဆီးကာ ညှဉ်းပန်းနှိပ်စက်မှုများ ပြုလုပ်ပြီး ထိန်းသိမ်းခဲ့ကြောင်း တအာင်းအမျိုးသမီးအဖွဲ့အစည်းမှ မှတ်တမ်းများလက်ခံရရှိခဲ့သည်။ ဤပြစ်မှုများကို လေ့လာစမ်းစစ်ကြည့်ခြင်းအားဖြင့် အကြမ်းဖက်စစ်ကောင်စီမှ ပြည်သူများကို ပြစ်မှတ်ထားပြီး အကြောက်တရားလွှမ်းမိုးရန် အကြမ်းဖက်မှုများကို ပုံစံမျိုးစုံဖြင့် ရည်ရွယ်ချက်ရှိရှိကျူးလွန်လျက်ရှိသည်။

# ၂၀၂၈ စစ်ဆင်ရေးအတွင်း လေကြောင်းဖြင့် တိုက်ခိုက်ခြင်း လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း

၁၀၂၇ စစ်ဆင်ရေးသည် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့တွင် မြောက်ပိုင်းညီနောင် မဟာမိတ် (၃) ဖွဲ့ ဖြစ်သော ရက္ခိုင်တပ်မတော်၊ မြန်မာအမျိုးသား ဒီမိုကရက်တစ်မဟာ မိတ်တပ်မတော်နှင့် တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော်တို့မှ အကြမ်းဖက်စစ်ကောင်စီနှင့် ၎င်း၏ ပြည်သူ့ စစ်တပ်ဖွဲ့အပါအဝင် တော်လှန်တိုက်ခိုက်သော စစ်ဆင်ရေးဖြစ်ခဲ့သည်။ မြောက်ပိုင်းညီနောင် မဟာမိတ် (၃) ဖွဲ့သည် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် လားရှိုး၊ သိန္နီ၊ လောက်ကိုင်၊ ကွမ်းလုံ၊ ကွတ်ခိုင်၊ နမ့်ခမ်း၊ မူဆယ်၊ နမ့်ဆန်၊ မန်တုံ၊ နမ္မတူ၊ နောင်ချို၊ မိုးကုတ်၊ မိုးမိတ်၊ မိုင်းလုံ၊ မိုင်းငေါ့ မြို့နယ်တို့တွင် စစ်ဆင်ရေး တိုက်ပွဲများ အပြင်းအထန်ဖြစ်ပွားခဲ့သည်။ ထိုမြို့နယ်များ၌ တိုက်ပွဲဖြစ်ပွားခဲ့သည့် အချိန်တွင် အကြမ်းဖက်စစ်ကောင်စီသည် လေကြောင်းများ အသုံးပြုကာ အရပ်သား ပြည်သူများရှိသည့်နေရာတွင် ဦးတည်ပြီး ဗုံးကြဲတိုက်ခိုက်ခြင်းများ အပြင်းအထန် ပြုလုပ်ခဲ့ပြီး လက်နက်ကြီးများဖြင့်လည်း အများပြည်သူနေထိုင်ရာ ကျေးရွာအတွင်းသို့ အကြိမ်ရေများစွာ တိုက်ခိုက်ခဲ့သည်။

ထို့အပြင် ၎င်းတို့ စစ်တပ်စခန်းတည်ရှိရာ နေရာများနှင့် ပြည်သူပိုင် လက်ဖက်ခြံနှင့် အခြားစိုက်ခင်းများတွင် မြေမြှုပ်မိုင်းများ အဆမတန် အသုံးပြုခြင်းကိုလည်း တွေ့ရှိရသည်။ မြေမြှုပ်မိုင်းကြောင့် ပြည်သူများမှ မိမိတို့၏ လက်ဖက်ခြံများ၊ စိုက်ပျိုးသီးနှံခြံများကို မိမိတို့ ဝမ်းစာရေးအတွက် အလုပ်လုပ်နိုင်ခြင်းမရှိပဲ အပြစ်မဲ့ ပြည်သူများမှ မြေမြှုပ်မိုင်းကြောင့် သေခြင်း၊ ခြေပျက်လက်ပျက်ဖြစ်ခြင်း ဖြစ်စေခဲ့သည်။

## ၁) လက်နက်ကြီးကြောင့်ပြည်သူလူထု သေဆုံးထိခိုက်မှု၊ အဆောက်အဦးနှင့် နေအိမ်ပျက်စီးမှုအခြေအနေ

၁၀၂၇ စစ်ဆင်ရေးအတွင်းတွင် အကြမ်းဖက်စစ်ကောင်စီမှ ၎င်းတို့၏ တပ်စခန်းအများအပြားဆုံးရှုံးသည့်အခါတွင် ပြည်သူလူထုများနေထိုင်ရာ ကျေးရွာများအတွင်းသို့ လက်နက်ကြီးများဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့သည်။ ထိုသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းကြောင့် ပြည်သူများ နေထိုင်သည့် အိမ်များတွင် ကျရောက်ပေါက်ကွဲခြင်း၊ လယ်ယာတောင်ယာခြံများတွင် ပေါက်ကွဲပြီး တောင်သူလယ်သမားများ အသက်သေဆုံးရခြင်း၊ ခြေလက်ဖြတ်တောက်ရခြင်း၊ အိုးအိမ်များ၊ အဆောက်အဦးများ ပျက်စီးခြင်းစသည့် ဆိုးကျိုးများ ပြည်သူလူထုများမှ ရင်ဆိုင်ရသည်။ တအာင်းဒေသအတွင်း လက်လှမ်းမှီသော မှတ်တမ်းများအရ ပြည်သူလူထုများ အဆောက်အဦးထိခိုက်ပျက်စီးမှု ၁၉၀၀ ကျော်ရှိခဲ့သည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်တွင် မိုးမိတ်မြို့နယ် တောင်ပိုင်းရပ်ကွက်တွင် အကြမ်းဖက်စစ်ကောင်စီမှ လက်နက်ကြီးကို ရမ်းသမ်းပစ်ခတ်မှုကြောင့် အိမ်ထဲမီးဖိုချောင်တွင် ပုန်းခိုနေသော ပြည်သူ ၆ ဦးကို လက်နက်ကြီး ကျရောက်ပေါက်ကွဲကာ ပွဲချင်းပြီး သေဆုံးခဲ့သည်။ ထို့အပြင် လက်နက်ကြီးများကို ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်သည့်အတွက်ကြောင့် အရပ်သားပြည်သူများ သေဆုံးခြင်း၊ အိုးအိမ်များ ပျက်စီးခြင်းကို ထပ်မံရင်ဆိုင်ရသည်။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်တွင် စစ်ဘေးရှောင်ပြီး အိမ်ပြန်လာသော ရွာသားများက နေအိမ်အပြန်လမ်းတွင် လက်နက်ကြီး ပေါက်ကွဲမှုကြောင့် အရပ်သား (၈) ဦး ထိခိုက်ကာ ၄ ဦးသေပြီး ၄ ဦးက ဒဏ်ရာပြင်းထန်စွာရရှိသည်။

**“အခုက စစ်ကောင်စီက လက်နက်ကြီးတွေကို အသကုန်ပစ်တယ်။ ဘာလက်နက်ကိုင်အဖွဲ့အစည်း ရွာထဲမှာမရှိလည်း ရွာထဲကို ပစ်တယ်… တခါတလေ ဘယ်ကလာမှန်းမသိ လက်နက်ကြီးတွေက အိမ်ထဲကို လာကျတယ်။ ကိုယ့်အိမ်မှာ ကိုယ်တောင်မနေရဲဘူး။ ဒါပေမဲ့ အိမ်ထဲမှာမနေလည်း ဘယ်မှာသွားနေရမှန်းမသိဘူး”**

**ရွာသားတစ်ဦးမှ ပြောပြ**

တစ်ခါတစ်ရံတွင် တိုက်ပွဲဖြစ်ပွားမှုမရှိပဲ ၎င်းတို့၏ စစ်ဗျူဟာကုန်းမှ အဝေးပစ်လက်နက်ကြီးများကို ရမ်းသမ်းပစ်ခတ်ခြင်းကြောင့်လည်း ပြည်သူများရှိသည့်နေရာတွင် ကျရောက်ပြီး ဘာသာရေးအဆောက်အုံ၊ ဌါနဆိုင်ရာ အဆောက်အအုံနှင့် လူနေအိမ်များလည်း အများအပြား ထိခိုက်ပျက်စီးစေခဲ့ပါသည်။

၂၀၂၃ ခုနှစ် ဇူလိုင်လ ၃ ရက်တွင် တိုက်ပွဲဖြစ်ပွါးခြင်းမရှိပဲ အကြမ်းဖက်စစ်ကောင်စီ နမ့်ဖက်ကာအခြေစိုက် အမှတ် ၁၂၃ ခြေလျင်တပ်ရင်းက လက်နက်ကြီး ၃ လုံးပစ်လိုက်ခြင်းကြောင့် နားဖိုင်ရွာရှိ နေအိမ်တစ်အိမ်ပေါ်ကျရောက်ပြီး အိမ်များပျက်စီးကာ အိမ်ထဲမှ ညီအစ်မ နှစ်ဦးကို လက်နက်ကြီးစ ထိမှန်ခဲ့သည်။ အကြမ်းဖက်စစ်ကောင်စီသည် ရပ်ရွာအတွင်းသို့ တိုက်ပွဲများဖြစ်ပွါးခြင်းမရှိပဲ လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခြင်းသည် ရွာသားများအား ပစ်မှတ်ထားပြီး ရည်ရွယ်ချက်ရှိရှိ အကြမ်းဖက်နေခြင်းဖြစ်သည်။



နမ့်ဖက်ကာအခြေစိုက် အမှတ် ၁၂၃ ခြေလျင်တပ်ရင်းမှ ပစ်လိုက်သော လက်နက်ကြီးကြောင့် ထိခိုက်ဒဏ်ရာရှိခဲ့သော ညီအစ်မ နှစ်ဦးမှ တဦးပုံ။

## ၂) လေကြောင်းဖြင့် တိုက်ခိုက်ခြင်းကြောင့် ပြည်သူများ ထိခိုက်ပျက်စီးခြင်း

၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက်မှ ယနေ့အချိန်အထိ အကြမ်းဖက်စစ်ကောင်စီမှ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ တော်လှန်ရေးအင်အားစုများ သိမ်းပိုက်ထားသော နေရာများ မြို့အများစုကို လေကြောင်းဖြင့် တိုက်ခိုက်လျက်ရှိသည်။ တအာင်းအမျိုးသမီးအဖွဲ့အစည်း၏ မှတ်တမ်းများအရ နမ့်ခမ်းမြို့နယ် ၄၇ ကြိမ်၊ လားရှိုးမြို့ ၁၁၄ ကြိမ်၊ နောင်ချိုမြို့ ၅၄ ကြိမ်နှင့် အခြားသောမြို့များစွာကိုလည်း လေကြောင်းဖြင့် စုစုပေါင်း အကြိမ်ရေ ၂၀၀ ကျော်တိုက်ခိုက်ခဲ့သည်။ အချို့သော နေရာများတွင် တိုက်ပွဲများဖြစ်ပွါးခြင်းမရှိပဲ အကြမ်းဖက်စစ်ကောင်စီမှ အကြောင်းမဲ့ လေကြောင်းဖြင့် တိုက်ခိုက်ခဲ့သည်။ ပြည်သူများ နေထိုင်သော နေရာများ၊ အများပြည်သူပိုင်နေရာများကို ပစ်မှတ်ထားပြီး ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခဲ့သည်ကိုလည်း လေ့လာတွေ့ရှိရသည်။ အကြမ်းဖက် စစ်ကောင်စီသည် အရပ်သားပြည်သူများကို ရန်သူသဖွယ် သတ်မှတ်ကာ စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သော ရာဇဝတ်မှုများကို ပြောင်ပြောင်တင်းတင်းချိုးဖောက်လျက်ရှိသည်။

၁၀၂၇ စစ်ဆင်ရေးအတွင်းတွင် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ပြည်သူလူထုများ ပိုင်ဆိုင်သော နေအိမ်များ၊ ပြည်သူပိုင်အဆောက်အဦးများဖြစ်သော ဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ ဈေးများစသည့် နေရာများကို ပစ်မှတ်ထားပြီး တိုက်ခိုက်ခြင်းကြောင့် အဆောက်အဦးပေါင်း ၁၉၀၅ ခုကျော် ပျက်ဆီးထိခိုက်ခဲ့သည်။

၂၀၂၄ ခုနှစ် ဩဂုတ်လ ၅ ရက်တွင် ကွတ်ခိုင်မြို့ ရှိ မြို့မဈေးကို တိုက်ပွဲဖြစ်ပွါးခြင်း မရှိဘဲ အကြမ်းဖက်စစ်ကောင်စီမှ YAK-130 ဂျက်ဖိုက်တာဖြင့် ဗုံးလာကြဲသည့်အတွက် ဒေသခံ ၄ ဦး သေဆုံးပြီး ၉ ဦး အပြင်းအထန် ဒဏ်ရာရရှိကာ ဈေးဆိုင်ခန်းပေါင်း ၄၀၀ ကျော် မီးလောင်ပျက်စီးခဲ့သည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်တွင်လည်း နမ္မတူမြို့နယ် မန်လီကျေးရွာအတွင်းသို့ အကြမ်းဖက်စစ်ကောင်စီမှ ဂျက်လေယာဥ်နှင့် ဗုံးလာကြဲခြင်းကြောင့် စာသင်ကျောင်း၊ မူကြိုကျောင်း၊ သာရေးနာရေးအတွက် အများပြည်သူသုံး ခန်းမအပါ အဝင် ဘုန်းကြီးကျောင်း၏ သိမ်ကျောင်းနှင့် ကိုယ်ထူကိုယ်ထ စာကြည့်တိုက်များအပြင် နေအိမ် (၁၀) အိမ်နှင့် ကျောင်းဆရာမ တစ်ဦးသေဆုံးခဲ့သည်။

ထို့အပြင် လေကြောင်းတိုက်ခိုက်ခြင်းကြောင့် အရပ်သားပြည်သူများ သေခြင်း၊ ပြင်းထန်သော ဒဏ်ရာများရခြင်း၊ အိုးအိမ်များပျက်ဆီးခြင်း၊ မီးလောင်ခြင်းနှင့် မိမိတို့ နေရပ်စွန့်ခွာ ပြည်တွင်းစစ်ဘေးဒုက္ခသည်များ တိုးပွါးလာခဲ့သည်။

၁၀၂၇ စစ်ဆင်ရေးအတွင်း လက်လှမ်းမှီ ကောက်ခံထားသော မှတ်တမ်းများအရ လေကြောင်းတိုက်ခိုက်မှုကြောင့် မြို့ (၁၄) မြို့တွင်

**သေဆုံးသူ (၁၀၈)ဦး၊**
**အပြင်းအထန်ဒဏ်ရာရသူ (၁၈၃) ဦး**
**စုစုပေါင်း (၂၉၁) ဦး ရှိခဲ့ပြီး**

ထိခိုက်ဒဏ်ရာရသူနှင့် သေဆုံးသူအများစုမှာ အမျိုးသမီးများနှင့် ကလေးငယ်များဖြစ်သည်ကို လေ့လာတွေ့ရှိရသည်။ လေကြောင်းတိုက်ခိုက်မှုကြောင့် ကလေးငယ်အပါအဝင် မိသားစုတစ်စုလုံး သေဆုံးသည့် မှတ်တမ်းများလည်း တွေ့ရှိရသည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၆ ရက်တွင် နမ့်ခမ်းမြို့နယ် ညဈေးတန်းအနီးနှင့် ဟိုကတ်ရပ်ကွက်တွင် အကြမ်းဖက်စစ်ကောင်စီမှ လေကြောင်းဖြင့် တိုက်ခိုက်ခြင်းကြောင့် ကိုယ်ဝန်ဆောင်အမျိုးသမီးနှင့် ကလေးငယ်အပါအဝင် အပြစ်မဲ့အရပ်သား (၁၁) ဦး သေဆုံးပြီး (၁၃) ဦး အပြင်းအထန် ဒဏ်ရာရရှိခဲ့သည်။ ထိုဖြစ်စဉ်တွင် အပြစ်မဲ့အရပ်သားပြည်သူ မိသားစု (၄) ဦးစလုံး သေဆုံးခဲ့ရသည်။ အမျိုးသမီးများနှင့် ကလေးငယ်အများစုမှာ မိမိတို့ နေထိုင်သော ကျေးရွာများ၊ မြို့များတွင် နေထိုင်ကာ လုံခြုံမှုကင်းမဲ့စွာဖြင့် စစ်ပွဲ၏ ဝန်ထုပ်ဝန်ပိုးများကို ခါးသီးစွာ ခါးဆီးခံနေရကြောင်း မှတ်တမ်းများမှ သက်သေပြနေသည်။

ပြည်သူအများစုသည် မည်သည့်အချိန်၊ မည်သည့်နေရာတွင် လေကြောင်းဖြင့် အကြမ်းဖက်စစ်ကောင်စီမှ လေကြောင်းဖြင့် တိုက်ခိုက်မည်ကို မသိသောကြောင့် ညအချိန်များတွင်လည်း  မိမိတို့နေအိမ်များ၊ ကျေးရွာများ၊ မြို့များတွင် မအိပ်ရဲပဲ အကြောက်တရားအောက်တွင်သာ နေထိုင်နေရသည်။ လေကြောင်းတိုက်ခိုက်မှုကြောင့် အများပြည်သူများအတွက် လုံခြုံသည့် နေရာမရှိပေ။ မှတ်တမ်းများအရ အရပ်သားပြည်သူများမှ မိမိတို့ ဝမ်းစာရေးအတွက် အလုပ်လုပ်ကိုင်နေရသော တောင်ယာ၊ လယ်ယာများတွင် အလုပ်လုပ်နေသောအချိန်များတွင်လည်း အကြမ်းဖက်စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုဒဏ်ကို ခံရကြောင်းတွေ့ရှိရသည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့တွင် ကွတ်ခိုင်မြို့နယ် ဟိုအစ်ကျေးရွာရှိ လင်မယားနှစ်ဦးမှာ မိမိတို့ အလုပ်လုပ်ကိုင်နေသော တောင်ယာတွင်အလုပ်လုပ်နေစဉ် အကြမ်းဖက်စစ်ကောင်စီမှ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် အမျိုးသားဖြစ်သူမှာ ချက်ခြင်းသေဆုံးကာ ဇနီးဖြစ်သူအမျိုးသမီးမှာ အပြင်းအထန်ဒဏ်ရာရခဲ့သည်။ အကြမ်းဖက်စစ်ကောင်စီသည် စစ်မြေပြင် နေရာ မရွေးပဲ ပစ်မှတ်မရှိ အရပ်သားပြည်သူများကို ရည်ရွယ်ချက်ရှိရှိ လေကြောင်းဖြင့် တိုက်ခိုက်ကာ အပြစ်မဲ့ ပြည်သူများအား အစုလိုက်အပြုံလိုက် သတ်ဖြတ်နေခြင်းဖြစ်သည်။







## ၃) မြေမြှုပ်မိုင်းကြောင့် ပြည်သူများ သေခြင်းနှင့် ထိခိုက်ခြင်း

တအာင်းအမျိုးသမီးအဖွဲ့အစည်း၏ လက်လှမ်းမှီသော မှတ်တမ်းများအရ မြေမြှုပ်မိုင်းကြောင့် အများပြည်သူ

**ထိခိုက်သူနှင့် သေဆုံးသည့် လူဦးရေ စုစုပေါင်း ၁၄၄ ဦး ရှိခဲ့သည်။**

အာဏာသိမ်းပြီး ၂၀၂၁ ခုနှစ်နောက်ပိုင်းတွင် အကြမ်းဖက်စစ်ကောင်စီမှ ၎င်းတို့၏ တပ်စခန်းများကို ကာကွယ်ရန် ရည်ရွယ်၍ မြေမြှုပ်မိုင်းများကို အဆမတန် ယခင် အာဏာမသိမ်းခင်ကာလထက် ၁၀ ဆခန့် အသုံးပြုလာသည်ကို တွေ့ရှိရသည်။ အကြမ်းဖက်စစ်ကောင်စီသည် ၎င်းတို့ တပ်စခန်းအနီးအနားတွင် မြေမြှုပ်မှိုင်းအသုံးပြုရုံသာမက ၎င်းတို့ စခန်းနှင့် ပေ ၅၀ ခန့် အကွာရှိသော နေရာများကိုလည်း မြေမြှုပ်မိုင်းများ အသုံးပြုသည်ကို တွေ့ရှိရသည်။ ၎င်းတို့တပ်စခန်းပတ်ဝန်းကျင်တွင် မိုင်းများ ထောင်ထားသည့်အပြင် အများပြည်သူသုံးသော လူသွားလူလာလမ်းများတွင်လည်း မြေမြှုပ်မိုင်း များထောင်ခြင်း၊ အများပြည်သူများ အလုပ်လုပ်ကိုင်အသက်မွေးဝမ်းကြောင်းပြုနေသော တောင်ယာ၊ လယ်ယာများတွင်လည်း မြေမြှုပ်မိုင်းထောင်ခြင်းနှင့် ရွာအဝင်ရွာအထွက်နေရာများတွင် မြေမြှုပ်မိုင်းများ ထောင်ထားခြင်း စသည့်နေရာများတွင် အသုံးပြုလျက်ရှိသည်။

ထို့ကြောင့် တအာင်းဒေသအတွင်းရှိ ပြည်သူများသည် တောင်သူလယ်သမားများ အများစုဖြစ်ပြီး မိမိတို့၏ လုပ်ငန်းခွင်များ တောင်ယာ၊လယ်ယာများသို့ သွားလာရာတွင်လည်း မြေမြှုပ်မိုင်းအန္တရာယ်များကို ရင်ဆိုင်နေရသည်။ ကွတ်ခိုင်မြို့နယ်နှင့် မူဆယ်မြို့နယ်ရှိ ပြည်သူများမှ မြေမြှုပ်မိုင်း၏ ဆိုးကျိုးဒဏ်ကို အဆိုးရွားဆုံး ခံစားခဲ့ရသည်။ ၂၀၂၂ ခုနှစ် ဇွန်လ ၈ ရက်တွင် ကွတ်ခိုင်မြို့နယ် ဇုံနောကျေးရွာရှိ တောင်ယာတွင် အလုပ်လုပ်နေသော အမျိုးသမီးတစ်ဦး မြေမြှုပ်မိုင်းပေါက်မိပြီး သေဆုံးခဲ့သည်။ ၂၀၂၃ ခုနှစ် ဇွန်လ ၁၉ ရက်တွင် နမ္မတူမြို့နယ် ဟင်ပုတ်ကျေးရွာရှိ အမျိုးသားတစ်ဦးမှ ၎င်းအိမ်အနီး လမ်းပေါက်နေချိန် ပေါက်ပြားဖြင့် မိုင်းပေါက်မိကာ ပေါက်ကွဲစဉ် လက်တစ်ဖက်ကျိုးပြီး ဒဏ်ရာ ပြင်းထန်စွာ ရရှိခဲ့သည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် ကွတ်ခိုင်မြို့နယ် နမ့်ဖက်ကာကျေးရွာ ရပ်ကွက် (၂) ရှိ ဖြုန်းတောင် အနီး တစ်ဝိုက်တွင် ထင်းခွေရန် သွားနေသော ဒေသခံတစ်ဦးလည်း မိုင်းနင်းမိကာ ဒဏ်ရာရရှိခဲ့သည်။

မြေမြှုပ်မိုင်းကြောင့် အပြစ်မဲ့ပြည်သူများသည် မိမိတို့၏ အသက်မွေးဝမ်းကြောင်းရန်အတွက် အလုပ်လုပ်မနိုင်ပဲ အသက်ဘေးအန္တရာယ်နှင့် ရင်ဆိုင်ရကာ မိသားစု ဝမ်းစာရေးအတွက် ဖြေရှင်းရန်လည်း အခက်အခဲရင်ဆိုင်နေရပါသည်။ တအာင်းဒေသရှိ ပြည်သူအများစုမှာ တောင်သူလယ်သမားများဖြစ်သည်နှင့် အလျောက်မိမိတို့ တောင်ယာလယ်ယာများသို့ အလုပ်လုပ်ရန်အတွက် အခက်အခဲများကြုံတွေ့ကာ ငတ်မွတ်မှုအန္တရာယ်နှင့်လည်း ရင်ဆိုင်နေရသည်။ မြေမြှုပ်မိုင်းကြောင့် လူများအန္တရာယ်ရှိရုံသာမက မိမိတို့ မွေးမြူထားသော ကျွဲနွားတိရိစ္ဆာန်များလည်း မြေမြှုပ်မိုင်းများနင်းမိကာ သေဆုံးလျက်ရှိသည်။



မြေမြှုပ်မိုင်းများကို အကြမ်းဖက်စစ်ကောင်စီမှ ၎င်းတို့ တပ်စခန်းအဖြစ်နေရာယူထားသည့် နေရာများတွင် အသုံးပြုပြီး ထပ်မံ တပ်စခန်းနောက်တစ်နေရာ ပြောင်းပါက ထိုနေရာများကိုလည်း မြေမြှုပ်မိုင်းများကို အသုံးပြုကြောင်း တွေ့ရှိရသည်။ ၎င်းတို့ တပ်စခန်းဟောင်းပတ်ဝန်းကျင်အပြင် တပ်စခန်းအသစ် ထပ်မံပြောင်းရွှေ့သော နေရာတိုင်းသည် မြေမြှုပ်မိုင်းအန္တရာယ်ရှိသည်ကို တွေ့ရှိရသည်။ အကြမ်းဖက်စစ်ကောင်စီ တပ်ရင်းတပ်ဖွဲ့များသည် တပ်စခန်းများ အခြေချရာနေရာများမှ တခြားတစ်နေရာသို့ ပြောင်းရွှေ့ပါက ထိုမြေမြှုပ်မိုင်းများကို ရှင်းလင်းခဲ့ခြင်း မပြုလုပ်ပေ။ ထို့ကြောင့် အများပြည်သူနေထိုင်သည့် ပတ်ဝန်းကျင်များတွင် မြေမြှုပ်မိုင်းအန္တရာယ် အချိန်မရွေး နေရာမရွေး ရင်ဆိုင်ရသည်။

တအာင်းဒေသအတွင်းတွင် မြေမြှုပ်မိုင်းများကို ရှင်းလင်းရန်အတွက် နည်းပညာများ စက်ပစ္စည်း အကူအညီမရှိပေ။ မြေမြှုပ်မိုင်းများကို လူအင်အားနှင့်သာ မြေမြှုပ်မိုင်းများကို ရှင်းလင်းနေရသည့်အတွက်ကြောင့် လူသားများအတွက် အသက်အန္တရာယ် ထိခိုက်မှုကြီးမားလှသည်။ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၀ ရက်တွင် လားရှိုးမြို့ ရပ်ကွက် ၇ တွင် နေထိုင်သော အသက် (၁၃) နှစ်အရွယ် ကလေးငယ်မှ အကြမ်းဖက်စစ်ကောင်စီ ထောင်ထားသော မိုင်းများကို ရှင်းလင်းရန် ၎င်းတို့ ထောင်ထားသော မြေမြှုပ်မိုင်း ၂၃ လုံးကို ဖြုတ်နိုင်ခဲ့သည်။ ထိုမြေမြှုပ်မိုင်းများကို ဖြုတ်သိမ်းပြီး ၎င်းနေအိမ်သို့ သယ်ဆောင်ကာ သိမ်းဆည်းပြီး ဖြုတ်သိမ်းထားသော မိုင်းတစ်လုံးကို ၎င်းသူငယ်ချင်းရှေ့တွင် ထုပြသည့်အချိန် ပေါက်ကွဲကာ သူငယ်ချင်း ၄ ဦးစလုံး အပြင်းအထန် ဒဏ်ရာရကာ ၎င်းကိုယ်တိုင် လက်နှစ်ဖက်စလုံး ဖြတ်ခဲ့ရသည်။ တအာင်းဒေသရှိ မြေမြှုပ်မိုင်းများကို ယနေ့အချိန်အထိ ရှင်းလင်းနိုင်ခြင်းမရှိသည့်အတွက်ကြောင့် ပြည်သူလူထုများမှ အသက်အန္တရာယ်ထိခိုက် သေဆုံးမှု ယနေ့အချိန်အထိ ရင်ဆိုင်နေရဆဲဖြစ်သည်။

မြေမြှုပ်မိုင်းများကိုထုတ်လုပ်ခြင်း၊ အသုံးပြုခြင်း၊ သိုလှောင်ခြင်းနှင့်လွှဲပြောင်းခြင်းတို့ကို တားမြစ်ထားသည့် ၁၉၉၇ ခုနှစ် မြေမြှုပ်မိုင်းပိတ်ပင်တားမြစ်ရေး ပဋိညာဉ်တွင် နိုင်ငံပေါင်း ၁၆၄ နိုင်ငံ ပါဝင်သည်။ မြန်မာနိုင်ငံသည် ဤပဋိညာဉ်ကို လက်မှတ်ထိုး မပါဝင်သော်လည်း ထိုလက်နက်များသည် ပင်ကိုအားဖြင့် အရပ်သားနှင့် လက်နက်ကိုင်များအကြား ခွဲခြားနိုင်စွမ်းမရှိခြင်းကြောင့် အကြမ်းဖက်စစ်ကောင်စီမှ ထိုလက်နက်များကို အသုံးပြုခြင်းသည် ဥပဒေနှင့် ကိုက်ညီခြင်းမရှိပေ။ ထို့ကြောင့် အကြမ်းဖက်စစ်ကောင်စီမှ မြေမြှုပ်မိုင်းများကို အများပြည်သူများသွားလာရာနေရာများ အလုပ်လုပ်ကိုင်နေသော လုပ်ငန်းခွင်များတွင် မြေမြှုပ်မိုင်းအသုံးပြုခြင်းသည် စစ်ရာဇဝတ်မှု မြောက်သည်။

## ၄) စားသောက်ကုန် ပြတ်တောက်ခြင်း

၁၀၂၇ စစ်ဆင်ရေး တိုက်ပွဲများ စတင်ဖြစ်ပွားသည့်အချိန်မှစ၍ အကြမ်းဖက်စစ်ကောင်စီမှ လားရှိုးလေဆိပ်ကို ပိတ်ထားပြီး ကိုးကန့်၊ ဝဒေသနှင့် လားရှိုးမြို့ မူဆယ်တို့အကြား လမ်းပန်းဆက်သွယ်ရေးလမ်းကြောင်းများ ဖြတ်တောက်ကာ ခရီးသည်နှင့် ကုန်ကားများ အသွားအလာများ ရပ်တန့်သွားခဲ့ရပါသည်။ ထို့အပြင် အဓိကနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သော မူဆယ် မှ မန္တလေးသို့ ကုန်စည်တင်သွင်းသည့် ပြည်ထောင်စု လမ်းမကြီးကိုလည်း ၁၀၂၇ စစ်ဆင်ရေး စတင်ချိန်မှ စ၍ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ အထိ ပိတ်ပင်ထားကာ ကုန်ပစ္စည်းတင်သွင်းမှုများကို တားဆီး ပိတ်ပင်ခဲ့သည်။ အထူးသဖြင့် တောင်ပေါ်ဒေသတွင် ထွက်ကုန်မရှိသော မြန်မာပြည်မကြီးမှ ထုတ်သော ဆန်၊ ဆား၊ ဆီ စသည့် အခြေခံ စားသောက်ကုန်များကို  ဖြတ်တောက်ခဲ့သည်။ ထို့ကြောင့် ရှမ်းပြည်နယ်မြောက်ပိုင်း အခြေခံစားသောက်ကုန် ဈေးနှုန်းများသည် အဆမတန် မြင့်တက်လာခဲ့သည်။

**“ကုန်ဈေးနှုန်းတွေ အဆမတန်မြင့်တက်လာတယ်၊ အရင်ကဆို စားဆီ (၃) ပိဿာပုံး ၃ သောင်းလောက်ဘဲ ပေးရတယ်၊ အခုဆို ၇သောင်းအထိ ထိုးတက်လာတယ်၊ ဟင်းရွက်စိမ်းတွေလည်း အရင်က ၂ ထောင်လောက်ပေးရတဲ့ဟာတွေ အခုဆို ၅ ထောင် အထိ ဈေးတက်လာတယ်၊ အသားဈေးတွေလည်း တဟုန်းထိုး တက်လာတယ်၊ ပြီးတော့ ပင်လယ်စာတွေဆိုပိုပြီး ဈေးကြီးလာတယ် ဝယ်ယူဖို့လည်း ခက်ခဲလာတယ်၊ ဝင်ငွေနဲ့ ထွက်ငွေ မမျှတဲ့အပေါ်မှာ မိသားစု စားဝတ်နေရေးအခက်တွေ့နေတယ်”**

**နမ့်ခမ်းဒေသခံတစ်ဦးမှ ပြော**

ထို့အပြင် စစ်ကောင်စီသည် လူသုံးကုန်နှင့် စားသောက်ကုန်များကို ဖြတ်တောက်သည့်အပြင် လူအများ ခရီးသွားလာရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သော ဓါတ်ဆီတင်သွင်းခြင်းကိုလည်း ဖြတ်တောက်ခဲ့သည်။ တဖက်တွင်လည်း ရှမ်းပြည်နယ်မှ ပြည်သူများကိုလည်း ပြည်မဖြစ်သော မန္တလေးနှင့် အခြား နယ်မြေများသို့ သွားလာခွင့် ပိတ်ပင်ထားသည်။ ထိုသို့ လမ်းပန်းဆက်သွယ်ရေးခက်ခဲစေရန် ရည်ရွယ်ကာ ဓါတ်ဆီတင်သွင်းခြင်း ပိတ်ပင်သောကြောင့် ကုန်စည်များလည်း သယ်ယူပို့ဆောင်နိုင်ရန် ခက်ခဲသည်။ သယ်ယူပို့ဆောင်မှုနှင့် ဓါတ်ဆီ ဈေးကြီးခြင်းကြောင့် တဖက်တွင် လူသုံးကုန်နှင့် စားသောက်ကုန် ဈေးများလည်း တစ်ရက်ထက်တစ်ရက် တရှိန်ထိုးမြင့်တက်လျက်ရှိသည်။ ထို့ကြောင့် ပြည်သူလူထုများသည် အစားအသောက်များ လုံလုံလောက်လောက် စားသောက်ဝယ်ယူ ရရှိနိုင်မှု မရှိခြင်းကြောင့် အငတ်ဘေး ကြုံနေရပါသည်။

အကြမ်းဖက်စစ်ကောင်စီသည် စစ်ရှုံးသည့် အတွက်ကြောင့်လည်းကောင်း၊ ၎င်း၏ စစ်စခန်းများကို ဆုံးရှုံးခြင်းကြောင့်လည်းကောင်း၊ တပ်တွင်း လူသားအရင်းအမြစ် ဆုံးရှုံးခြင်းကြောင့်လည်းကောင်း ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ပြည်သူများကို ဒဏ်ခတ်သောအားဖြင့် ဖြတ်ငါးဖြတ်ပေါ်လစီကို ထုတ်ပြန်ခဲ့သည်။ ဤသို့ အစားအသောက်နှင့် လူသုံးကုန်ပစ္စည်းများ ဖြတ်တောက်ခြင်းသည် အခြေခံအခွင့်အရေးကို ချိုးဖောက်သကဲ့သို့ နိုင်ငံတကာဥပဒေများကိုလည်း ချိုးဖောက်သည်။

## ၅) ပြည်တွင်းစစ်ဘေးဒုက္ခသည်များ အခြေအနေ (၁၀၂၇)

ရှမ်းပြည်နယ်မြောက်ပိုင်း အာဏာမသိမ်းခင်ကတည်းကပင် ပြည်တွင်းစစ်ကြောင့် ထွက်ပြေးတိမ်းရှောင်ခဲ့ရသော ပြည်သူလူထုများ ၃ သောင်းကျော် ရှိခဲ့သည်။ ရှမ်းပြည်နယ်မြောက်ပိုင်းတအာင်းဒေသအတွင်းရှိ သောင်းဂဏန်းရှိသော ပြည်တွင်းစစ်ဘေးဒုက္ခသည်များသည် အာဏာမသိမ်းခင်ကတည်းကပင် မိမိတို့၏ နေရပ်သို့ ပြန်လည်အခြေချနိုင်ခြင်းမရှိပဲ မိမိတို့ ဆွေမျိုးများရှိရာ ဒေသများသို့ တစ်နေရာမှ တစ်နေရာ ပြောင်းရွှေ့နေထိုင်လျက်ရှိသည်။ အကြမ်းဖက်စစ်ကောင်စီမှ အာဏာသိမ်းပြီး ၁၀၂၇ စစ်ဆင်ရေး တိုက်ပွဲများ ဖြစ်ပွါးခြင်းကြောင့် တအာင်းဒေသရှိပြည်သူများသည် မိမိတို့ အိုးအိမ်များစွန့်ခွါ ထွက်ပြေးကာ လုံခြုံသည်ဟု ယူဆသောနေရာများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ၁၀၂၇ စစ်ဆင်ရေး တိုက်ပွဲများကြောင့် တအာင်းဒေသရှိ ပြည်တွင်း စစ်ဘေးရှောင်ဒုက္ခသည်ဦးရေသည် ၃ ဆခန့် တိုးများလာခဲ့သည်။

၁၀၂၇ စစ်ဆင်ရေးအတွင်း မိမိတို့တအာင်းအမျိုးသမီးအဖွဲ့အစည်းမှ စစ်ဘေးဒုက္ခသည်များဦးရေ လက်လှမ်းမှီကောက်ယူထားသော စာရင်းများအရ စုစုပေါင်း (၁၀၅,၁၇၆)ဦး ရှိသည်။ ထိုစစ်ဘေးဒုက္ခသည်များသည် အကြမ်းဖက်စစ်ကောင်စီ၏ ရမ်းသမ်းပစ်သော လက်နက်ကြီးကြောင့်လည်းကောင်း၊ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့်လည်းကောင်း မိမိတို့နေရပ် ရပ်ရွာအိုးအိမ်များတွင် မနေထိုင်ရဲပဲ ထွက်ပြေးတိမ်းရှာင်နေရသည်။ ပြည်သူလူထုများမှ စစ်ဘေးဒုက္ခသည်များအဖြစ် ထွက်ပြေးတိမ်းရှောင်ရာတွင် တဲထိုး၍သာ နေရပြီးအစားအသောက်လုံလောက်မှုမရှိခြင်း၊ ဆောင်းတွင်းဖြစ်သော်လည်း အချမ်းဒဏ်ကို အံတုနိုင်ရန်အတွက် ဆောင်များ၊ အဝတ်ထူများ မရှိခြင်း၊ ဆေးဝါးများမရှိခြင်းစသည့် အခက်အခဲများကို ရင်ဆိုင်ရသည်။ အစားအသောက်လုံလောက်မှုမရှိသည့်အတွက်ကြောင့် စစ်ဘေးဒုက္ခသည်အများစုမှာ ဆန်ပြုတ်သာ  ကြိုသောက်နေရသည်။

ထို့အပြင် စစ်ဘေးရှောင်အများစုသည် တောင်သူလယ်သမားများဖြစ်သည့်အတွက် စစ်ဘေးရှောင်နေရခြင်းကြောင့် မိမိတို့လယ်မြေများ ရာသီစိုက်ပျိုးချိန်များတွင် ပျိုးစိုက်နိုင်ခြင်းမရှိပဲ အစားအသောက်များ ပိုမိုပြတ်လတ်လျက်ရှိသည်။ တဖက်တွင်လည်း ကုန်ဈေးနှုန်းမြင့်တက်မှုကြောင့် စစ်ဘေးရှောင်ပြည်သူများသည် စားသောက်ကုန်များကို ဝယ်ယူစားသောက်နိုင်ခြင်းမရှိပေ။ အထူးသဖြင့် သန့်ရှင်းသော သောက်သုံးရေနှင့် ရေမရှိခြင်းကြောင့် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများမှ ဝမ်းပျက်ဝမ်းလျော ရောဂါများ ခံစားရလျက်ရှိသည်။ ထိုစစ်ဘေးရှောင်ပြည်သူလူထုအများစုမှာ သက်ကြီးရွယ်အိုများ၊ ကလေးငယ်များနှင့် အမျိုးသမီးများသာဖြစ်သည်။ အမျိုးသမီးများမှ စစ်ရှောင်စခန်းများတွင် တဲထိုးနေထိုင်ရခြင်းနှင့် ရောနှောနေထိုင်ရခြင်းကြောင့် လုံခြုံမှုမရှိပဲ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရမှုများလည်း ရင်ဆိုင်ရသည်။





# တအာင်းအမျိုးသမီးအဖွဲ့အစည်းမှ မှတ်တမ်းတင်ထားသော စစ်ရှောင်ပြည်သူများ

## တအာင်းဒေသအတွင်း လူသားခြင်းစာနာမှုအကူအညီ ပံ့ပိုးပေးနိုင်မှု အခြေအနေ

“၁၀၂၇ စစ်ဆင်ရေး”အတွင်း တအာင်းဒေသများတွင် လူသားချင်းစာနာမှု အကူအညီပေးနိုင်သည့် အဖွဲ့အစည်းများမှာ တအာင်းအမျိုးသမီးအဖွဲ့အစည်း အပါအဝင် လူထုအခြေပြုအဖွဲ့အစည်းများသာဖြစ်သည်။ နိုင်ငံတကာအဖွဲ့အစည်းများမှ လူသားချင်းစာနာမှု အကူအညီနှင့်ပတ်သက်ပြီး လက်လှမ်းမှီ အကူအညီပေးနိုင်မှု အားနည်းသည်။ လူသားချင်းစာနာမှုအကူအညီ မလုံလောက်သောကြောင့် အချို့သော စစ်ဘေးရှောင်ပြည်သူများသည် စားနပ်ရိက္ခာ ပြတ်လတ်မှု အခက်အခဲကို ရင်ဆိုင်ရသည်။

တဖက်တွင်လည်း လူသားချင်းစာနာမှုအကူအညီများကို အချိန်နှင့်တပြေးညီ ကူညီပေးနိုင်ရန်အတွက် အကြမ်းဖက်စစ်ကောင်စီမှ တားမြစ်ပိတ်ပင်လျက်ရှိသည်။ အကြမ်းဖက်စစ်ကောင်စီမှ လမ်းပန်းတံတားများကို ပိတ်ပင်စစ်ဆေးသောကြောင့် လူသားချင်းစာနာမှုအကူအညီပေးရန် ခက်ခဲသည်။ ထို့အပြင် စစ်ဘေးရှောင်ပြည်သူများကို ကူညီရန် အခြေခံအစားအသောက်များ အများအပြားဝယ်ပါက အကြမ်းဖက်စစ်ကောင်စီမှ PDF များကို ကူညီသည်ဟု စွပ်စွဲကာ လူသားချင်းစာနာမှု အကူအညီပေးသည့် အဖွဲ့အစည်းများ၏ ဝန်ထမ်းများကိုလည်း အကြမ်းဖက်စစ်ကောင်စီမှ ခြိမ်းခြောက်ဖမ်းဆီးခဲ့သည်။ ထို့ကြောင့် လူသားချင်းစာနာမှု အကူအညီပေးနေသော အဖွဲ့အစည်းများမှ လုံခြုံရေး အခြေအနေ တင်းကြပ်မှုများကို ရင်ဆိုင်ရသည်။ တချိန်တည်းတွင် အကြမ်းဖက်စစ်ကောင်စီမှ ဝါးတားဂိတ်များ အများအပြားချထားခြင်း၊ လမ်းပန်းဆက်သွယ်ရေး ပိတ်ပင်ခြင်းကြောင့် လူသားချင်းစာနာမှု အကူအညီပေးနေသည့် အဖွဲ့အစည်းများမှ စစ်ဘေးရှောင်များသို့ အကူအညီများကို အချိန်နှင့် တပြေးညီ ပံ့ပိုးပေးနိုင်ခြင်းမရှိပေ။ ထို့အပြင် အကြမ်းဖက်စစ်ကောင်စီမှ ဆက်သွယ်ရေးဆိုင်ရာ ဖုန်းလိုင်းများ၊ အင်တာနက်များ ပိတ်ပင်ထားသောကြောင့် စစ်ဘေးရှောင်များ၏ အချက်အလက်များနှင့် အခြေအနေများကို တိတိကျကျ မှတ်တမ်းကောက်ယူရန် အကူအညီပေးနေသည့် အဖွဲ့အစည်းများမှ အခက်အခဲများ ရင်ဆိုင်ရသည်။

မြို့တွင်းတိုက်ပွဲများ ပြင်းထန်လာသည်နှင့်အမျှ NGO/INGOs တို့သည် တိုက်ပွဲကြားတွင် ပိတ်မိနေသော ပြည်သူများ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီလိုအပ်သည့်အချိန်တွင် နိုင်ငံတကာမှ ဝန်ထမ်းများ ပြည်ပသို့ ထွက်ပြေးသွားကြသည့်အပြင် ပြည်တွင်းရှိသော ဝန်ထမ်းများသည်လည်း အခြားမြို့နယ်များသို့ ထွက်ပြေးတိမ်းရှောင်သွားကြပါသည်။ ထိုသို့စွန့်ခွါသွားကြသည့်အတွက် စစ်ရှောင်ပြည်သူများ လူသားချင်းစာနာထောက်ထားမှု အကူအညီများ မရရှိတော့ဘဲ စားဝတ်နေရေး၊ ကျန်းမာရေး အထောက်အပံ့များ မရရှိတော့ဘဲ အချို့မှာ ယနေ့အထိ လိုအပ်နေသေးသည်။ ထို့ကြောင့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် လက်တွေ့မြေပြင်တွင် အလုပ်လုပ်နေကြသော အဖွဲ့အစည်းများမှတဆင့် လူသားချင်းစာနာမှုအကူအညီများကို လုံလုံလောက်လောက် ပံ့ပိုးပေးကာ လက်တွဲလုပ်ဆောင်သင့်သည်။

# တော်လှန်ရေးအဖွဲ့အစည်းများ အုပ်ချုပ်သည့်နောက် အခြေအနေများနှင့် တွေ့ရှိချက်များ

## တအာင်းဒေသ ပြည်သူများ ရင်ဆိုင်ကြုံတွေ့နေရသော အခြေအနေနှင့် အခက်အခဲများ

“၁၀၂၇ စစ်ဆင်ရေး” ပထမလှိုင်းနှင့် ဒုတိယလှိုင်းအပြီးတွင် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသရှိ အကြမ်းဖက်စစ်ကောင်စီ၏ တပ်စခန်းအများအပြား တော်လှန်ရေးအင်အားစုများဖြစ်သော မြောက်ပိုင်းမဟာမိတ် (၃) ဖွဲ့မှ သိမ်းနိုင်ခဲ့သည်။ အကြမ်းဖက်စစ်ကောင်စီမှ ၎င်းတို့၏ တပ်စခန်းများကို ဆုံးရှုံးပြီးသည့် နောက်တွင် တော်လှန်ရေးအင်အားစုများ ထိန်းချုပ်ထားသော နယ်မြေများကို လေကြောင်းဖြင့် တိုက်ခိုက်ခြင်းကို ညစဉ်နေရာအနှံ့ ဗုံးကြဲလျက်ရှိသည်။ အကြမ်းဖက်စစ်ကောင်စီသည် ပြည်သူပိုင်နေရာများဖြစ်သော ဆေးရုံများ၊ ဈေးများ၊ ဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ရှေးဟောင်းအမွေအနှစ်များကို ပစ်မှတ်ထားပြီး လေကြောင်းဖြင့် တိုက်ခိုက်လျက်ရှိသည်။ ထိုသို့ လေကြောင်းတိုက်ခိုက်မှုများကြောင့် ပြည်သူလူထုများ သေခြင်း၊ ပြင်းထန်သော ဒဏ်ရာရခြင်း၊ အိုးအိမ်များ ပျက်ဆီးခြင်း ရင်ဆိုင်ရသည့်အပြင် ညစဉ်ညတိုင်း မအိပ်နိုင်ပဲ ပြည်သူများ အကြောက်တရားအောက်တွင် နေထိုင်ရပါသည်။

ထို့အပြင် ပြည်သူများကို အပြစ်ပေးဒဏ်ခတ်သည့်အနေဖြင့် ဖြတ်လေးဖြတ်ပေါ်လစီကို ထုတ်ပြန်ခဲ့သည်။ အစားအသောက်များကို ဖြတ်တောက်သည့် အတွက်ကြောင့် ကုန်ဈေးနှုန်းများအဆမတန် အာဏာမသိမ်းခင်ကာလထက် ၆ ဆအထိ ဈေးနှုန်းများ မြင့်တက်ခဲ့သည်။ ကုန်ဈေးနှုန်းများ မြင့်တက်ခြင်းကြောင့် အများပြည်သူများမှာ စားသောက်ကုန်များကို မဝယ်စားနိုင်ပဲ ဆန်ပြုတ်သာ ချက်စားနေရသည်။

**“အခုကတော့ လွတ်မြောက်နယ်မြေဖြစ်ပေမဲ့ အကြမ်းဖက်စစ်ကောင်စီက မြန်မာပြည်မက စားသောက်ကုန်တွေဖြတ်တော့ ကုန်ဈေးနှုန်းတွေက တရှိန်ထိုး တက်လာတယ်၊ အရင်က ဆီတစ်ပိသာပုံးကို ၃ သောင်း အခုတော့ ၇ သောင်းဆိုတော့ ကျမတို့လို သာမန်လူတန်းစားက မဝယ်စားနိုင်တော့ဘူး ရေလုံပြုတ်ဟင်းတွေပဲစားနေရတယ်... ဝယ်စားရင်တောင် နည်းနည်းပဲ ဝယ်စားနိုင်တော့တယ်”**

မန်တုံမြို့နယ်မှ ဒေသခံတစ်ဦးမှ ပြောပြ

တအာင်းဒေသရှိ ပြည်သူလူထုအများစုသည် တောင်သူလယ်သမားများနှင့် လက်ဖက်ကုန်သည်များ ဖြစ်သည့်အတွက်ကြောင့် လက်ဖက်ဈေးနှုန်းသည် တခြားကုန်ဈေးနှုန်းလို မြှင့်တက်ခြင်းမရှိသည့်အတွက်ကြောင့် အခက်အခဲများ ကြုံတွေ့နေရသည်။ ယခုလက်ရှိတွင် လက်ဖက်ဈေးနှုန်း တစ်ပိဿာ ၁၅၀၀၀ သာရှိပြီး မီးသွေးတစ်အိတ်လျှင် ၁၀,၀၀၀ ကျပ်မှ ၂၀,၀၀၀ ကျပ်အထိ ဈေးနှုန်းထိုးကျသွားသည်။ သို့သော် ဆန်၊ ဆီနှင့် အခြားစားသောက်ကုန်များ၏ ဈေးသည် လက်ရှိ လက်ဖက်ဈေးနှုန်းနှင့် မီးသွေးဈေးနှုန်းထက် ၃ ဆ အထက်မြင့်မားနေပြီး ဝယ်ယူစားသုံးနိုင်ရန် အခက်အခဲရှိသည်။ ဆန်တစ်အိတ်လျှင် (၁၈၀,၀၀၀) ကျပ်၊ စားသုံးဆီ တစ်ပိဿာ (၃၅၀၀၀) ကျပ်၊ ခရမ်းချဉ်သီး တစ်ပိသာ (၈၀၀၀) ကျပ်၊ ကြက်သွန်နီ တစ်ပိဿာ (၈၀၀၀) ကျပ်၊ ကြက်သွန်ဖြူ (၁၃၀၀၀) ကျပ်၊ ဆားတစ်ပိဿာ (၅၀၀၀) ကျပ်အထိ ကုန်ဈေးနှုန်းမြင့်တက်လျက်ရှိသည်။

**“အရင်တုန်းကထက် ပိုပြီးခက်ခဲတာပေါ့၊ ကျနော်တို့က လက်ဖက်ရွက်စိမ်း မရောင်းဘူး၊ ဝယ်တဲ့သူလဲမရှိဘူး၊ လက်ဖက်စို လက်ဖက်ချဉ် လုပ်တယ် ချက်ချင်းလဲရောင်းမထွက်ဘူး၊ နွေရာသီမှ လှန်းပြီး ထုတ်ရောင်းရမယ်၊ အခုကလက်ဖက်ပွဲစားတွေလဲမရှိဘူး၊ ကျောက်မဲဆင်းသွင်းလဲ ပွဲစားတွေကမရှိဘူး၊ မန္တလေးဘက်ကိုပြေးကုန်ပြီ၊ ရှိတဲ့ပွဲစားတွေလဲ ဈေးနှိမ်တယ်၊ လက်ဖက်ရောင်းမထွက်ရင်လဲ ကုန်ဝယ်စားစာမရှိ၊ တစ်ချို့နေရာက တစ်ဖက်ရွက်စိမ်း တစ်ပိဿာ ၁၀၀၀ ကျပ်ပဲ ရတာ၊ ဖယောင်းတိုင် အချောင်း (၅၀) ပါတဲ့ ထုပ်က ၇၀၀၀ ရောင်းကြတယ် လက်ဖက် ၅/၆ ပိဿာရမှ ဖယောင်းတိုင်တစ်ထုပ်ပဲရတယ်၊ ထမင်းစားရအုန်းမယ်လေ၊ အခြားစရိတ်တွေရှိသေးတယ်၊ အချို့ဒေသက အချို့အိမ်တွေက စင်ကာပူတို့ နိုင်ငံခြားတို့ ထွက်ပြီးအလုပ်လုပ်တဲ့သူရှိတော့ နည်းနည်းခံသာသေးတယ်၊ သူတို့သား/သမီးပို့တဲ့အပိုဝင်ငွေရှိတယ်၊ အချို့က လက်ဖက်တစ်မျိုးပဲ ဘာမှဝင်ငွေမှ မရှိဘူး တအားခက်ခဲကြတာပေါ့”**

နမ့်ဆန်ဒေသခံတစ်ဦးပြောပြ

ထို့အပြင် စစ်ကောင်စီသည် လူသုံးကုန်နှင့် စားသောက်ကုန်များကို ဖြတ်တောက်သည့်အပြင် လူအများ ခရီးသွားလာရေးအတွက် အဓိကလိုအပ်ချက် ဖြစ်သော ဓါတ်ဆီတင်သွင်းခြင်းကိုလည်း ဖြတ်တောက်ခဲ့သည်။ တဖက်တွင်လည်း ရှမ်းပြည်နယ်မှ ပြည်သူများကိုလည်း ပြည်မဖြစ်သော မန္တလေးနှင့် အခြားနယ်မြေများသို့ သွားလာခွင့် ပိတ်ပင်ထားသည်။ ထိုသို့ လမ်းပန်းဆက်သွယ်ရေးခက်ခဲစေရန် ရည်ရွယ်ကာ ဓါတ်ဆီတင်သွင်းခြင်း ပိတ်ပင်သောကြောင့် ကုန်စည်များလည်း သယ်ယူပို့ဆောင်နိုင်ရန် ခက်ခဲသည်။ အကြမ်းဖက်စစ်ကောင်စီမှ မြန်မာပြည် ပြည်မကြီးမှ ဓါတ်ဆီတင်သွင်းခြင်းကို ပိတ်ရုံသာမက တရုတ်ဖက်မှ ဓါတ်ဆီတင်သွင်းရောင်းဝယ်ခြင်းကိုပါ ပိတ်ပင်ရန် တရုတ်အစိုးရနှင့် ပူးပေါင်းလုပ်ဆောင်ခဲ့သည်။ ထို့ကြောင့် တရုတ်နယ်စပ်ဖြစ်သော မူဆယ်၊ နမ့်ခမ်း၊ “ဝ”ဒေသ၊ လောက်ကိုင် နယ်စပ်ဒေသများတွင် တရုတ်ဘက်မှ တင်သွင်းသည့် စက်သုံးဆီများကို ၁၀၂၇ စစ်ဆင်ရေးပြီးနောက်ပိုင်းတွင် နယ်စပ်ဂိတ်အသီးသီးတွင် ပိတ်ပင်ခဲ့သည်။

ထိုပိတ်ပင်မှုကြောင့် အခြားဒေသများတွင် စက်သုံးဆီပြတ်လပ်မှု ဖြစ်ပွားခဲ့ပြီး စက်သုံးဆီတစ်လီတာလျှင် (၈၀၀၀၀ ကျပ်မှ ၁၂၀၀၀ ကျပ်) အထိ ကုန်ဈေးနှုန်းထိုးမြင့်ခဲ့သည်။ ဒီဇယ်ဆီ တစ်လီတာ (၇၃၀၀ ကျပ်မှ ၈၀၀၀ ကျပ်) အထိ ဈေးနှုန်းများ ထိုးတက်သွားသည်။ UWSA ထိန်းချုပ်ထားသော တန့်ယန်းမြို့နယ်တွင်လည်း UWSA တပ်ဖွဲ့သည် ဒေသခံများကို လိုတာထက်ပိုပြီး စက်သုံးဆီသယ်ယူခွင့်ကို ပိတ်ပင်ထားသည်ဟု ဒေသခံများထံသိရသည်။ ဓါတ်ဆီမရှိခြင်းကြောင့် ပြည်သူလူထုများ သယ်ယူပို့ဆောင်ရေး အခက်အခဲများကြုံတွေ့ရသည်တပြိုင်နက် ဓါတ်ဆီ ဈေးကြီးခြင်းကြောင့် တဖက်တွင် လူသုံးကုန်နှင့် စားသောက်ကုန် ဈေးများလည်း တစ်ရက်ထက်တစ်ရက် တရှိန်ထိုးမြှင့်တက်လျက်ရှိသည်။ ထို့ကြောင့် ပြည်သူလူထုများသည် အစားအသောက်များ လုံလုံလောက်လောက် စားသောက် ဝယ်ယူ ရရှိနိုင်မှု မရှိခြင်းကြောင့် အငတ်ဘေး ကြုံနေရပါသည်။

အကြမ်းဖက်စစ်ကောင်စီသည် ၁၀၂၇ စစ်ဆင်ရေးနောက်ပိုင်းတွင် ၎င်းတို့ တပ်စခန်းများဆုံးရှုံးလက်လွှတ်ပြီးနောက် တအာင်းဒေသရှိပြည်သူများကို ဒဏ်ခတ်သည့်အနေဖြင့် ဖြတ် ၄ ဖြတ်ပေါ်လစီကို ကျင့်သုံးခဲ့သည်။ ဖြတ် ၄ ဖြတ်ပေါ်လစီတွင် ဆက်သွယ်ရေးဆိုင်ရာလမ်းကြောင်းများကိုလည်း ဖြတ်တောက်ခဲ့သည်။ ထို့ကြောင့် တအာင်းဒေသတွင် အင်တာနက်များ ဖုန်းလိုင်းများ ဖြတ်တောက်သည့်အတွက်ကြောင့် Starlink ခေါ် အင်တာနက်ကိုသာ အားကိုးပြီး သုံးနေရသည်။ သို့သော် Starlink Device စက်သည် သိန်း (၁၅၀) ပေါက်ဈေးရှိသည့်အတွက်ကြောင့် သာမန်ပြည်သူလူထုများမှ မဝယ်သုံးနိုင်ပေ။

ယခင်အာဏာမသိမ်းခင်ကာလလို မိမိတို့ ဖုန်းဖြင့် အင်တာနက်လိုင်းများကို အသုံးမပြုနိုင်သည့်အတွက်ကြောင့် Starlink အင်တာနက်ကို တစ်နာရီလျှင် ၂၀၀၀ ကျပ်မှ ၅၀၀၀ ကျပ်အထိ ဝယ်သုံးနေကြရသည်။ Starlink Device စက်ရှိသည့်နေရာများတွင်သာ အင်တာနက်ကို အသုံးပြုနိုင်သည်။ တအာင်းဒေသတွင် အကြမ်းဖက်စစ်ကောင်စီမှ ဖုန်းလိုင်းများ၊ အင်တာနက်များကို ဖြတ်တောက်သည့်အတွက်ကြောင့် အကျိုးဆက်အဖြစ် ပြည်သူလူထုများမှ အဝေးရောက် မိသားစုဝင်များနှင့် ဆက်သွယ်မှုမရရှိသည့်အပြင်

အလုပ်သွားလုပ်သော မိသားစုဝင်များနှင့်လည်း ဆက်သွယ်မှုမရပေ။ ဆက်သွယ်ရေးဆိုင်ရာ ဖုန်းလိုင်းများ၊ အင်တာနက်များကိုလည်း ယနေ့အချိန်အထိ ဖြတ်တောက်ခြင်းကြောင့် အချို့သောမိသားစုဝင်များ အထူးသဖြင့် အမျိုးသမီးငယ်များ ပျောက်ဆုံးခြင်းနှင့် တရုတ်မြန်မာနယ်စပ်တွင် လူကုန်ကူးခြင်းခံရနေသည်။

တအာင်းဒေသရှိ ပြည်သူလူထုအများစုသည် တောင်သူလယ်သမားများ၊ လက်ဖက်တောင်သူများနှင့် လက်ဖက်ကုန်သည်များ ဖြစ်ကြသည်။ လက်ဖက်နှင့် စိုက်ပျိုးရေးသာ အသက်မွေးဝမ်းကြောင်းနေရသော ပြည်သူလူထုများသည် တိုက်ပွဲများဖြစ်ပွါးသောကြောင့် မိမိတို့ လက်ဖက်ခြံများ၊ တောင်ယာလုပ်ငန်းများ စိုက်ပျိုးရေးလုပ်ငန်းများကို မလုပ်ကိုင်နိုင်ပဲ စစ်ဘေးရှောင်များအဖြစ် ထွက်ပြေးနေရသည့်အတွက်ကြောင့် ကောက်ပဲသီးနှံများ စပါးများ မစိုက်ပျိုးနိုင်ခဲ့ပေ။ ထိုသို့ ဝမ်းစာရေးအတွက် စိုက်ပျိုးရေးနှင့် လက်ဖက်လုပ်ငန်းကို မလုပ်ကိုင်နိုင်သည့်အတွက်ကြောင့် ယခုအချိန်တွင် ငတ်မွတ်မှုဒဏ်ကို ခံစားနေရပြီး ဘာသာရေးဆိုင်ရာ ဘုန်းကြီးကျောင်းနှင့် ချတ်(ချ်)ကျောင်းများတွင် အများပြည်သူများ တောင်းစားနေရသည်။ တဖက်တွင်လည်း စားသောက်ကုန်ဈေးနှုန်းများသာ တရှိန်ထိုး တက်ပြီး လက်ဖက်ကုန်ဈေးနှုန်းကျဆင်းသည့်အတွက်ကြောင့်လည်း အများပြည်သူများမှာ ဝမ်းစာရေးအတွက် စိန်ခေါ်မှုရင်ဆိုင်နေရသည်။

ထို့အပြင် တိုက်ပွဲဖြစ်ပွါးပြီးနောက်ပိုင်းတွင် လက်ဖက်ခင်းများ၊ စိုက်ပျိုးခင်းများ တောင်ယာ၊ လယ်ယာများတွင် မပေါက်ကွဲသေးသည့် လက်နက်ကြီးများ၊ မြေမြုပ်မိုင်းများ ရှိနေသည့်အတွက်ကြောင့် အများပြည်သူများမှာ မိမိတို့ လယ်ယာ စိုက်ခင်းများတွင် အလုပ်မလုပ်နိုင်ပေ။ အကျိုးဆက်အဖြစ် အလုပ်အကိုင်မရှိရှားပါးမှုကို ပြည်သူများ ဆက်လက်ရင်ဆိုင်နေရသည်။ အလုပ်အကိုင်ရှားပါးမှု ကြောင့် တရုတ်နယ်စပ်နှင့် အခြားသော ဒေသများသို့ ပြောင်းရွှေ့အလုပ်ရှာသွားရသည်။ အထူးသဖြင့် အမျိုးသမီးငယ်များမှ မိမိတို့၏ မိသားစု ဝမ်းစာရေးအတွက် ကျောင်းမတက်နိုင်ပဲ တရုတ်နယ်စပ်တွင် အလုပ်လုပ်ရသည်။ တပြိုင်နက်တည်းတွင် တစ်ချို့သော အမျိုးသမီးငယ်များမှာ မိသားစုများနှင့် အဆက်အသွယ်မရပဲ ပျောက်ဆုံးပြီး တစ်ချို့သော အမျိုးသမီးငယ်များမှာ လူကုန်ကူးခြင်း ခံနေရကြောင်း တအာင်းအမျိုးသမီးအဖွဲ့အစည်း၏ မှတ်တမ်းများအရ တွေ့ရှိရသည်။

နမ့်ခမ်းမြို့နယ် မန်စပ်အုပ်စုတွင် နေထိုင်သော အသက် (၁၇) နှစ်အရွယ် လိုည်း (အမည်လွှဲ) ကို မိသားစုဝမ်းစာရေးအတွက် အလုပ်အကိုင်ရှာဖွေရင်း မူဆယ်ခရိုင်၊ ပန်းဆန်းမြို့နေ မဆိုင်ဂျာနှင့် အွန်လိုင်းတွင် အဆက်အသွယ်ရပြီး အလုပ်ရှာပေးမည်ဟုပြောကာ သူမကို ခေါ်ဆောင်သွားပြီး တရုတ်ပြည်ကြီးတွင်ရှိသော အနှိပ်ခန်းဆိုင်တွင် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁၄ရက်နေ့တွင် ရောင်းစားခဲ့သည်။ ထိုသို့ရောင်းစားခံရပြီးနောက် ၎င်းမိသားစုများနှင့် အဆက်အသွယ်ပျက် သွားသဖြင့် သူမ၏မိဘများမှ တအာင်းအမျိုးသမီးအဖွဲ့အစည်းထံ အကူအညီတောင်းလာရာမှာ ဖြစ်စဉ်မှတ်တမ်းကောက်ယူပြီး အကူအညီရနိုင်သည့် နေရာများအား ဥပဒေနည်းလမ်းအရအကြံပေးခြင်း၊ လမ်းညွှန်မှုပေးခြင်းနှင့် အမှုသွားရောက်ဖွင့်နိုင်ရန် ကုန်ကျစရိတ်နှင့် အခြားလိုအပ်ချက်များ စသည်တို့ကို ကူညီပေးခဲ့ပါသည်။



ပြည်တွင်းစစ် ပဋိပက္ခ၏ အကျိုးဆက်အဖြစ် အလုပ်ရှားပါးမှုနှင့် မိသားစု ဝင်ငွေမရှိခြင်းကြောင့် တအာင်းဒေသရှိလူငယ်များသည် တခြားဒေသသို့ အလုပ်လုပ်နိုင်ရန် ပြောင်းရွှေ့နေထိုင်ကြရသည့်အခါတွင် တောင်ပေါ်ဒေသ၏ ရိုးရာယဉ်ကျေးမှု ပွဲလမ်းသဘင်များ မကျင်းပနိုင်တော့ပဲ တောင်ပေါ်ဓလေ့ထုံးတမ်း ပျောက်လုနီးပါးဖြစ်လာသည်။

**“ဝါတွင်းကာလတွင် သက်ကြီးရွယ်အိုများသည် ဘုန်းကြီးကျောင်းတွင် တရားစခန်းဝင်လေ့ရှိတယ်.. လူငယ်တွေက သက်ကြီးရွယ်အိုတွေစားဖို့သောက်ဖို့ ချက်ပြုတ်အလှူလုပ်ကြလေ့ရှိတယ်... အခုတော့ မလုပ်နိုင်တော့ဘူး”**

**ကျောက်မဲ ရွာခံတစ်ဦးမှ ပြောပြ**

ပြည်တွင်း စစ်ပဋိပက္ခ ဖြစ်ပွါးခြင်းကြောင့် ၎င်း၏ အကျိုးဆက်အဖြစ် ပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှုများကို အများပြည်သူများမှ ခံစားရသည့်အပြင် လူမှုရေးဆိုင်ရာနှင့် ဓလေ့ထုံးတမ်းများ အပေါ်လည်း ဆိုးကျိုးသက်ရောက်မှုများရှိကြောင်း တွေ့ရှိရသည်။



## ကျန်းမာရေးအခြေအနေ

၁၀၂၇ စစ်ဆင်ရေး ပထမလှိုင်းနှင့် ဒုတိယလှိုင်းပြီးသည့်အခါတွင် အကြမ်းဖက်စစ်ကောင်စီမှ ၎င်းတို့၏ တပ်စခန်းများကို ဆုံးရှုံးကာ တိုင်းရင်းသားတော်လှန်ရေးအင်အားစုများမှ ထိုနယ်မြေများကို အစားထိုးအုပ်ချုပ်ရေးကို လုပ်ဆောင်နိုင်ခဲ့သည်။ သို့သော် အကြမ်းဖက်စစ်ကောင်စီမှ ၎င်းတို့ ဆုံးရှုံးခဲ့သည့် မြို့များရှိ ဆေးရုံများကို ပစ်မှတ်ထားကာ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) မှ ထိန်းချုပ်ထားသော မြို့ (၁၂) မြို့တွင်လည်း အကြမ်းဖက်စစ်ကောင်စီမှ ဆေးရုံများကို လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၇ ရက်တွင် အကြမ်းဖက်စစ်ကောင်စီမှ နမ့်ဆန်မြို့နယ် မြို့သစ်ကျေးရွာတွင်ရှိသော ဆေးရုံကို တိုက်ပွဲဖြစ်ပွားခြင်းမရှိပဲ လေကြောင်းဖြင့် ပေါင် ၅၀၀ အားဖြင့် ရည်ရွယ်ချက်ရှိရှိ ဗုံးကြဲတိုက်ခိုက်ခဲ့သည့် အတွက်ကြောင့် ကလေး ၂ ဦးအပါအဝင် အရပ်သားပြည်သူ ၅ ဦး သေဆုံးပြီး ၁၀ ဦး ဒဏ်ရာရခဲ့ပါသည်။ ထို့ကြောင့် တအာင်းဒေသရှိ ပြည်သူများမှာ ဖျားနာမှုများရှိသော်လည်း လုံခြုံမှုမရှိသည့်အတွက်ကြောင့် ဆေးရုံများတွင်လည်း ဆေးမကုသရဲပဲ လုံခြုံရေးပြဿနာကို ရင်ဆိုင်နေရသည်။ တိုက်ပွဲဖြစ်ပွါးခြင်းမရှိသော်လည်း အကြမ်းဖက်စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုရန်ကို ကြောက်ရွံ့နေရပြီး မည်သည့်နေရာတွင်မှ လုံခြုံမှုမရှိပေ။

ထို့အပြင် အကြမ်းဖက်စစ်ကောင်စီမှ ဖြတ် ၄ ဖြတ်ပေါ်လစီကို စတင်ကျင့်သုံးချိန်မှစပြီး ယနေ့အချိန်အထိ ဆေးဝါးတင်သွင်းမှုကိုလည်း ပိတ်ပင်ခဲ့သည်။ ၎င်းတို့မှ ပိတ်ပင်သည့် အပြင် တရုတ်အစိုးရမှလည်း ဖြတ် ၅ ဖြတ်ပေါ်လစီကို ကျင့်သုံးကာ တရုတ်ပြည်မှ ဆေးဝါးတင်သွင်းမှုကိုလည်း ပိတ်ပင်ခဲ့သည်။ ထို့ကြောင့် တအာင်းဒေသရှိ ပြည်သူများသည် ဆေးဝါးပြတ်လတ်မှုကို ရင်ဆိုင်ရကာ ဆေးကုသလက်ခံရရှိမှု အခြေခံအခွင့်အရေးကို ဆုံးရှုံးရသည်။ အထူးသဖြင့် ကိုယ်ဝန်ဆောင်နှင့် ကလေးငယ်များ လိုအပ်သော ကာကွယ်ဆေးများကို အချိန်နှင့်တပြေးညီ ဆေးထိုးနိုင်ခြင်းမရှိပေ။ ကာကွယ်ဆေးများ မထိုးနိုင်သည့်အပြင် တချို့သော ကိုယ်ဝန်ဆောင်များမှ ရိုးရိုးမမွေးဖွါးနိုင်သောကြောင့် ခွဲစိတ်မွေးဖွါးရန်လိုအပ်သော်လည်း ဆေးရုံသုံး ပစ္စည်းကိရိယာ လုံလောက်မှုနှင့်  ဆေးဝါးလုံလောက်မှု မရှိသည့်အတွက်ကြောင့် ကိုယ်ဝန်ဆောင်များ အဆိတ်တက်ခြင်းနှင့် ကလေးငယ်များ အသက်ဆုံးရှုံးခြင်းကိုလည်း ရင်ဆိုင်ရကြောင်း တအာင်းအမျိုးသမီးအဖွဲ့အစည်းမှ တွေ့ရှိရသည်။ မြို့နှင့်ဝေးသော ကျေးရွာများရှိ ကိုယ်ဝန်ဆောင် မိခင်များသည် ဆေးကုမှုအပိုင်းတွင် ဓလေ့ထုံးတမ်းနှင့် အောက်လမ်းကုထုံးနည်းနဲ့ ကုသခံယူမှု ပြုလုပ်ပြီး လက်သည်များနှင့်သာ ကလေးမွေးကြရသည်။ လက်သည်မရှိသော ကျေးရွာများရှိ ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် အခြားနေရာသို့ ဆိုင်ကယ်ဖြင့် သွားရသည့်အချိန်လမ်းတွင် ကိုယ်ဝန်ပျက်ကျပြီး ကလေးဆုံးရှုံးသူများလည်း ရှိသည်ကို တွေ့ရှိရသည်။

ဆေးဝါးလုံလောက်မှုမရှိခြင်း၏ နောက်ဆက်တွဲ ဆိုးကျိုးပြဿနာသည် နှစ်ရှည်ရောဂါကုသနေရသော ပြည်သူများအပေါ်လည်း ဆိုးဝါးစွာ သက်ရောက်မှုရှိသည်။ ဥပမာ - တီဘီ၊ HIV ရောဂါရှိသူများသည် ယခင်နှစ် ၁၀၂၇ စစ်ဆင်ရေးမတိုင်မီကာလတွင် မိမိသက်ဆိုင်ရာ ခရိုင်မြို့နယ် ဆေးရုံတွင် ဆေးထုတ်ရပြီး အဆင်ပြေမှုရှိသော်လည်း ယခုနှစ်တွင် မန္တလေးနှင့် ပြင်ဦးလွင်မြို့၊ တောင်ကြီးဆေးရုံအထိ သွားထုတ်ရသည်။ တဖက်တွင်လည်း အကြမ်းဖက်စစ်ကောင်စီမှ တအာင်းလူမျိုး (၁၃/...) တစ်ဆယ့်သုံးမျဉ်းဆောင်း မှတ်ပုံတင်ကိုင်ဆောင်ထားသည့် ပြည်သူများကို တခြားမြို့များဖြစ်သော မြန်မာပြည်မသို့ သွားလာခွင့်ကို ပိတ်ပင်ထားသောကြောင့် တခြားမြို့များသို့လည်း ဆေးကုသခံပိုင်ခွင့် မရှိသလို သောက်သုံးဆေးများကို ဝယ်ယူသုံးစွဲနိုင်ခွင့်လည်းမရှိပေ။ အကြမ်းဖက်စစ်ကောင်စီသည် ဆေးဝါးများကို ဖြတ်တောက်ခြင်းနှင့် ပြည်သူများ ဆေးကုသရန် သွားလာခွင့်ကို ပိတ်ပင်ခြင်းသည် လူ့သားဖြစ်တည်မှု အခြေခံအခွင့်အရေးကို ချိုးဖောက်သလို လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုလည်း ကျူးလွန်သည်။

## ပညာရေးအခြေအနေ

အကြမ်းဖက်စစ်ကောင်စီသည် တိုင်းရင်းသားတော်လှန်ရေး တပ်ဖွဲ့များသိမ်းပိုက်ထားသည့် မြို့နယ်များတွင် တိုက်ပွဲဖြစ်ပွါးခြင်းမရှိဘဲ ဒေသအတွင်း အုပ်ချုပ်ရေးယန္တယားများ မလည်ပတ်နိုင်ရေးနှင့် ပြည်သူလူထုများ ကြောက်ရွံ့စေလိုသော ရည်ရွယ်ချက်ဖြင့် လေကြောင်းအသုံးပြုပြီး ဗုံးကြဲတိုက်ခိုက်မှုများကို စာသင်ကျောင်းများအပါအဝင် အများပြည်သူပိုင်နေရာများသို့ အကြမ်းဖက်တိုက်ခိုက်ခဲ့သည်။ တအာင်းဒေသရှိ စာသင်ကျောင်း အများစုသည် အကြမ်းဖက်စစ်ကောင်စီ၏ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းနှင့် လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့် ထိခိုက်ပျက်စီးခဲ့သည်။ အကြမ်းဖက်စစ်ကောင်စီသည် လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းနှင့် လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့် အဆောက်အဦးများ ထိခိုက်ပျက်စီးသည့် အပြင် ကျောင်းသူ၊ ကျောင်းသားများ၊ ဆရာ၊ ဆရာမများ သေဆုံးခဲ့ရကြောင်း တအာင်းအမျိုးသမီးအဖွဲ့အစည်း၏ မှတ်တမ်းအရ တွေ့ရှိရသည်။ အချို့ကျေးရွာများတွင် စာသင်ကျောင်းဆောင်မရှိသောကြောင့် ဘာသာရေးအဆောက်အဦးများ၊ ဇရပ်များ၊ နေအိမ်များ၊ ကျေးရွာသုံး ခန်းမများတွင် စာသင်ကျောင်းအဖြစ်အသုံးပြုကာ ကလေးများကို စာသင်ကြားပေးနေရသည်။ ၂၀၂၄ ခုနှစ် ပညာသင်နှစ်တွင် ကျောင်းသူကျောင်းသား၊ ဆရာ၊ ဆရာမများအတွက် လုံခြုံမှုမရှိသောကြောင့် ကျောင်းများမကြာခဏ ပိတ်ခဲ့ရပြီး စာသင်ကျောင်းအများစုမှာ ကျောင်းမဖွင့်နိုင်ပဲ ယနေ့အချိန်အထိ ပိတ်ထားဆဲ တွေ့ရသည်။

ထို့အပြင် တအာင်းဒေသရှိ စာသင်ကျောင်းများတွင် စစ်ပဋိပက္ခကြောင့် ပျက်ဆီးဆုံးရှုံးမှုများရှိသောကြောင့် စာသင်ကျောင်းအဆောက်အအုံများ၊ ကျောင်းသုံး စာရေးကိရိယာများပျက်ဆီးကာ လုံလောက်မှုမရှိသည့်အပြင် စာသင်ပေးနိုင်မည့် ဆရာ၊ ဆရာမများလည်းလုံလောက်မှုမရှိပေ။ ဆရာ၊ ဆရာမ အများစုမှာ စာသင်ကျောင်းတွင် လုံခြုံမှုမရှိသည့်အတွက်ကြောင့် စာသင်ကြားခြင်း ကျောင်းဆရာ၊ ဆရာမ အလုပ်ကို မလုပ်တော့ပဲ တခြားလုပ်ငန်းများကို ပြောင်းလဲလုပ်ဆောင်လာသည်ကို တွေ့ရှိရသည်။ ကျောင်းဆရာ၊ ဆရာမ မလုံလောက်သည့်အတွက်ကြောင့် တစ်ချို့ကျေးရွာရှိ စာသင်ကျောင်းများ မဖွင့်လှစ် နိုင်သေးပေ။ စာသင်ပေးသည့် ဆရာ၊ ဆရာမများမလုံလောက်သည့်အတွက်ကြောင့်လည်းကောင်း၊ ကလေးများ ကျောင်းမတက်ရပဲ မိသားစုဝင်ငွေ ရှာဖွေနိုင်ရန်

အတွက်လည်းကောင်း ကလေးများကျောင်းထွက်သည့်နှုန်းများပြားလာသည်။ ကလေးများမှ ကျောင်းထွက်ပြီး တရုတ်နယ်စပ်တွင် တရားမဝင် လမ်းဖြင့် ဝင်ရောက်ကာ အလုပ်လုပ်ရသည့်အတွက်ကြောင့် လူကုန်ကူးခြင်းကို ခံရသည့် ကလေးငယ်များလည်း ရှိသည်ကို တွေ့ရှိရသည်။

တဖက်တွင်လည်း လက်ရှိ တအာင်းဒေသ ပညာရေးကို TLEC ဦးဆောင်သည့် ပညာရေးစနစ်ဖြင့် လည်ပတ်လျက် ရှိသည်။  TLEC မှ  သင်ကြားသည့် ပညာရေးစနစ်သည် ကျောင်းသူ ကျောင်းသားများအား ဗဟိုပြုစနစ်ကျင့်သုံးသည်။ ထိုသို့ပြောင်းလဲကျင့်သုံးသည့်အခါ အခက်အခဲများရှိသော်လည်း TLEC မှ ဆရာ/ဆရာမများကို သင်တန်းပေးကာ ထိုစနစ်ကို စနစ်တကျ ကျင့်သုံးနိုင်ရန် လုပ်ဆောင်လျက်ရှိသည်။ ၂၀၂၄-၂၀၂၅ခုနှစ် ပညာသင်နှစ်တွင် TLEC မှ စာသင်ကျောင်းပေါင်း ၆၀၃ ကျော်ဖွင့်လှစ်နိုင်ခဲ့သည်။ သို့သော် စာသင်ကျောင်းမဖွင့်လှစ်နိုင်သေးသည့် ကျေးရွာများ၊ ဒေသများ အများအပြား ရှိနေသေးသည်။

**“မိုးကုတ်မြို့မှာဆိုရင် ပြည့်ပြည့်ဝဝဖွင့်နိုင်တယ်၊ မိုးမိတ်နဲ့ ကျောက်မဲတော့ တစ်ဝက်တစ်ဝက်ကျော်လောက်ပဲ ဖွင့်နိုင်သေးတယ်၊ လောလောဆယ် လာမည့်နှစ်မှ အကုန်ဖွင့်နိုင်မယ်၊ နောင်ချိုမြို့ကတော့ အရင်တုန်းက ဖွင့်ထားတဲ့အဟောင်းတွေ တော့ရှိတယ် မြို့ထဲတော့ တိုက်ပွဲဖြစ်နေဆဲ ကာလဆိုတော့ မဖွင့်နိုင်သေးဘူး၊ သီပေါမြို့မှာလဲ အဲ့လိုပဲ ကြိုးစားနေတုန်းပဲ မဖွင့်နိုင်သေးဘူး”**

**TLEC ဥက္ကဌ လွေးချယ်ရီမှ ပြော**

တက္ကသိုလ်ပညာရေးနှင့်ပတ်သက်ပြီး ရှမ်းပြည်မြောက်ပိုင်းရှိ လားရှိုးတက္ကသိုလ်ကျောင်းကို ဖွင့်လှစ်နိုင်ခြင်းမရှိသေးပေ။ အထက်တန်းကျောင်း တက္ကသိုလ်ကျောင်းသူ/ကျောင်းသားအများစုမှာ စစ်ကောင်စီဖွင့်လှစ်သော တက္ကသိုလ်တက်ရောက်ခြင်းမရှိဘဲ တက္ကသိုလ် ပထမနှစ်၊ ဒုတိယနှစ်တွင်သာ ရပ်နားခဲ့ကြ သည်။ အထက်တန်းအရွယ် ကျောင်းသူကျောင်းသားများသည် ကျောင်းမတက်ရသည့်အတွက်ကြောင့် စိတ်လေကာ ဆယ်ကျော်သက်တွင် အိမ်ထောင်စောစောပြုသည့် လူငယ်များ တိုးများလာသည်။ စစ်ပဋိပက္ခကြောင့် တအာင်းဒေသရှိ ကလေးငယ်များနှင့် လူငယ်များသည် ပညာသင်ကြားခွင့်ကို ဆုံးရှုံးနေရပြီး ကျောင်းအဆောက်အဦးများ၊ ကျောင်းသုံးကိရိယာများ ပျက်စီးထိခိုက်ခဲ့သည်။



# ပြန်လည်ထူထောင်ရေးအတွက် အကူအညီပေးနေမှု အခြေအနေ

စစ်ပဋိပက္ခကြောင့် ပြည်သူလူထုများအသက်သေဆုံးရခြင်း၊ သတ်ဖြတ်ခံရခြင်း၊ မတရားဖမ်းဆီးထိန်းသိမ်းခြင်း၊ ညှဥ်းပန်းနှိပ်စက်ခံရခြင်း၊ မုဒိန်းကျင့်ခံရခြင်းနှင့် အခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းတို့ကို ပြင်းထန်စွာ ခံစားခဲ့ရသည်။ ထို့အပြင် ပြည်သူလူထုများ၏ နေအိမ်အဆောက်အဦးများ လက်နက်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများရှိပြီး အများပြည်သူပိုင်နေရာများဖြစ်သော ဆေးရုံများ၊ ဈေးများ၊ ဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းများ ဖျက်ဆီးခံရကာ အကြမ်းဖက်စစ်ကောင်စီ၏ မီးရှို့ခြင်းကြောင့်လည်း ပျက်ဆီးထိခိုက်ခဲ့သည်။

သိန်းဂဏန်းရှိသော ပြည်သူများမှ မိမိတို့အိုးအိမ်များကို စွန့်လွှတ်ကာ စစ်ဘေးဒုက္ခသည်များအဖြစ် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ပဋိပက္ခအတွင်း ထိခိုက်နစ်နာသည့် ပြည်သူများရှိသော်လည်း လူသားချင်းစာနာမှုအကူအညီထောက်ပံ့ပေးသောအဖွဲ့အစည်းများ အထူးသဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများမှာ တိုက်ပွဲများဖြစ်ပွါးသည့် ကာလတွင် ၎င်းတို့၏ ဝန်ထမ်းများကို လုံခြုံရေးအကြောင်းပြကာ အခြားမြို့များသို့ ရွှေ့ပြောင်းကာ အဖွဲ့အစည်းလုပ်ငန်းများ လည်ပတ်မှုကို ရပ်တန့်ခဲ့သည်။ လူသားချင်း စာနာမှုအကူအညီပေးသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများသည် ယနေ့အချိန်အထိ တအာင်းဒေသတွင် ဝန်ဆောင်မှုများ ပံ့ပိုးပေးနိုင်ခြင်း မရှိပေ။ လူသားချင်းစာနာမှုအကူအညီများကို လူထုအခြေပြုအရပ်ဖက်အဖွဲ့အစည်းများ၊ ဘာသာရေးဆိုင်ရာအသင်းအဖွဲ့များ၊ လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့များသာ ကူညီထောက်ပံ့ပေးလျက်ရှိသည်။

တအာင်းအမျိုးသမီးအဖွဲ့အစည်းသည် တိုက်ပွဲအချိန်တွင် သတင်းမှတ်တမ်းများကို ကောက်ယူစုဆောင်းလျက်ရှိပြီး စစ်ပဋိပက္ခဘေးဒဏ်ခံနေရသော ဒေသခံပြည်သူများကို အရေးပေါ်ထောက်ပံ့ကြေးများ ထောက်ပံ့ပေးခဲ့သည်။ တအာင်းအမျိုးသမီးအဖွဲ့အစည်းသည် စစ်ပွဲဖြစ်ပွါးစဉ်ကာလအတွင်းတွင် လူပေါင်း (၄၈၅) ဦးသာ ကူညီပေးနိုင်ခဲ့သည်။ ထို့အပြင် တိုက်ပွဲကာလတွင် မြေမြှုပ်မိုင်းနင်းမိပြီး ထိခိုက်ဒဏ်ရာရသူများ၊ လက်နက်ကြီးကြောင့် ထိခိုက်နစ်နာသူများ၊ မပေါက်ကွဲသေးသော စစ်လက်နက်ကြွင်းကျန် ပစ္စည်းများကြောင့်  စစ်ပွဲနှောင်းကာလမှ ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရသူများ၊ လေကြောင်းမှ လူထုရှိရာသို့ ဦးတည်ပြီး ဗုံးကြဲခြင်းကြောင့် ထိခိုက်ဒဏ်ရာရသူများ၊ တိုက်ပွဲအတွင်းပစ်သတ်ခံရသူများ၊ မတရားဖမ်းဆီးခြင်းနှင့် သတ်ဖြတ်ခံရသူများကို အဓိကထားပြီး ကူညီထောက်ပံ့ပေးပါသည်။

စစ်ပဋိပက္ခဒဏ်ခံနေရသော အကျပ်အတည်းအခြေအနေများတွင် ရှင်သန်ကျန်ရစ်သူမိသားစုဝင်များဖြစ်သည့် အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်များ၊ ကလေးသူငယ်များ၊ အိမ်ထောင်ဦးစီး အမျိုးသားများအတွက် ၎င်းတို့၏ လတ်တလောစားဝတ်နေရေးအတွက် အဆင်ပြေစေရန်သော်လည်းကောင်း၊ ဆေးကုသနေသည့်အချိန်တွင် လမ်းစရိတ်များ၊ ဆေးဖိုးများအတွက် ဖြေရှင်းနိုင်ရန် ထောက်ပံ့ကြေးများလည်း ပံ့ပိုးကူညီခဲ့သည်။



သို့သော် တအာင်းအမျိုးသမီးအဖွဲ့အစည်းတစ်ဖွဲ့တည်း ပံ့ပိုးပေးရုံနှင့် နစ်နာသူပြည်သူလူထုများ၏ လိုအပ်ချက်များကို လွှမ်းခြုံကူညီနိုင်မှုမရှိသေးပေ။ ထို့ကြောင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ထိရောက်သည့် အရေးပေါ် ကူညီပံ့ပိုးမှုများ အများအပြားလိုအပ်သည်။ ယခုလက်ရှိကာလတွင် တိုက်ပွဲဖြစ်ပွါးခြင်းမရှိသော်လည်း အကြမ်းဖက်စစ်ကောင်စီမှ လေကြောင်းဖြင့်တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်နေသည်။ စစ်ပဋိပက္ခဖြစ်ပွါးရာ ကာလအတွင်း နစ်နာသည့် ပြည်သူလူထုများအား ၎င်းတို့၏ အိုးအိမ်များ ပြန်လည်တည်ဆောက်နိုင်ရန်အတွက် ကူညီမှုများကို မလုပ်ဆောင်နိုင်သေးခင် လေကြောင်းတိုက်ခိုက်မှုကြောင့် ထိခိုက်နစ်နာသည့် ပြည်သူများကိုလည်း ကူညီထောက်ပံ့မှုများ မလုပ်ဆောင်နိုင်သေးပေ။

ယခုလက်ရှိကာလတွင် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းဖြစ်သော တအာင်းအမျိုးသမီးအဖွဲ့အစည်းအပါအဝင်အခြားသော အဖွဲ့အစည်းများမှ မိမိတို့တတ်နိုင်သည့် အဖက်ဖက်မှ ကူညီပေးသော်လည်း ပြည်လည်ထူထောင်ရေးအတွက် ကူညီပံ့ပိုးပေးနိုင်ခြင်းမရှိသေးပေ။ ထို့ကြောင့် နိုင်ငံတကာအဖွဲ့အစည်းများမှ လက်လှမ်းမှီသည့် မိမိတို့အရပ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ နစ်နာသည့် ပြည်သူလူထုများအား ပြည်လည်ထူထောင်ရေးအတွက် လိုအပ်နေသော အရေးပေါ်အကူအညီများကို ပံ့ပိုးပေးရန် တအာင်းအမျိုးသမီးအဖွဲ့အစည်းမှ တောင်းဆိုသည်။

တဖက်တွင်လည်း တိုင်းရင်းသားတော်လှန်ရေးအင်အားစုများမှ ဖက်ဒရယ်မူကို အခြေခံသော အုပ်ချုပ်ရေးယန္တရားများကို အစားထိုး ဖွဲ့စည်းတည်ဆောက်နေဆဲကာလဖြစ်သည်။ ထို့ကြောင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ထိုအုပ်ချုပ်ရေးယန္တရားများကို အသိအမှတ်ပြုကာ ကူညီထောက်ပံ့မှုများကို အချိန်နှင့်တပြေးညီ ကူညီပံ့ပိုးရန် လိုအပ်သည်။ တရုတ်နိုင်ငံမှ စစ်ကောင်စီ၏ တောင်းဆိုမှုများကို လိုက်နာကာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို ဖိအားပေးသည့်အနေဖြင့် ဖြတ် ၅ ဖြတ် ကျင့်သုံးနေသည့်အပေါ်လည်း နိုင်ငံတကာအဖွဲ့အစည်းများမှ တရုတ်အစိုးရကို ရှုတ်ချနှင့် လူသားအခွင့်အရေးဖြစ်သော အစားအသောက်လက်ခံရယူခွင့်၊ ဆေးဝါးလက်ခံကုသခွင့်တို့ကို ရရှိနိုင်ရန်အတွက် ဖြတ် ၅ ဖြတ်ပေါ်လစီကို ဖြတ်သိမ်းရန် အတွက် ဖိအားပေးရန် အတွက် မိမိတို့မှ တောင်းဆိုသည်။

# မှတ်တမ်းကောက်ယူသည့် နည်းနာများ

တအာင်းအမျိုးသမီးအဖွဲ့အစည်းမှ သတင်းမှတ်တမ်း သုတေသနနှင့် ပြန်ကြားရေးဌာနကို ၂၀၀၆ ခုနှစ်တွင် ဖွဲ့စည်းကာ အမှန်တရားနှင့် တရားမျှတမှု ဖော်ထုတ်နိုင်ရန်အတွက် ရည်ရွယ်၍ လူ့အခွင့်အရေးချိုးဖာက်မှု သတင်းမှတ်တမ်းများကို စနစ်တကျ ကောက်ယူစုဆောင်းခဲ့သည်။ တအာင်းအမျိုးသမီး အဖွဲ့အစည်းမှ သတင်းမှတ်တမ်းများကို ကွင်းဆင်းလုပ်သားများမှတစ်ဆင့်သော်လည်းကောင်း၊ ထိခိုက်နစ်နာသူရွာသားများအား တိုက်ရိုက်တွေ့ဆုံ မေးမြန်းခြင်းသော်လည်းကောင်း၊ မျက်မြင်သက်သေများကို တိုက်ရိုက်တွေ့ဆုံမေးမြန်းခြင်း သော်လည်းကောင်း သတင်းမှတ်တမ်းများကို သေချာစွာ မှတ်တမ်းတင် အချက်အလက်များကို စုဆောင်းသည်။

ဤအစီရင်ခံစာတွင် တအာင်းအမျိုးသမီးအဖွဲ့အစည်း၏ ကွင်းဆင်းလုပ်သားများနှင့် ဝန်ထမ်းများမှ မိမိတို့ လက်လှမ်းမှီသော ကျူးလွန်ခံရသူ နှင့် မျက်မြင်သက်သေများကို အင်တာဗြူးမေးမြန်းမှုများ ပြုလုပ်ပြီး သတင်းမှတ်တမ်းများကို ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း စစ်ကောင်စီကျူးလွန်ခဲ့သော ပြစ်မှုများကို မှတ်တမ်းတင် အချက်အလက်များကို စုဆောင်းထားသည်။ တအာင်းအမျိုးသမီးအဖွဲ့အစည်း လက်လှမ်းမမှီသော ဒေသများမှ လူ့အခွင့်အရေး ချိုးဖောက်မှု အများအပြား ရှိနိုင်ပါသည်။ တအာင်းအမျိုးသမီးအဖွဲ့အစည်းမှ ဤအစီရင်ခံစာတွင် ဖော်ပြသော လူ့အခွင့်အရေးချိုးဖောက်မှုများမှာ မြို့နယ်(၁၄)မြို့နယ်ကိုသာ လွှမ်းခြုံကောက်ယူထားခြင်းဖြစ်သည်။ ထိုကောက်ယူစုဆောင်းထားသော မှတ်တမ်း အချက်အလက်များကို တအာင်းအမျိုးသမီးအဖွဲ့အစည်း၏ ဝန်ထမ်းများမှ နိုင်ငံတကာ လူသားချင်းစာနာမှုဥပဒေများ၊ နိုင်ငံတကာ ရာဇဝတ်မှုတရားရုံး(ICC) ၏ ရောမသဘောတူညီချက်တို့နှင့် ဆက်စပ်လျက် သုံးသပ်စမ်းစစ်လေ့လာထားသည်။



# နောက်ဆက်တွဲ။

## လူ့အခွင့်အရေးချိုးဖောက်မှုများ မှတ်တမ်း

**ရှမ်းပြည်နယ်မြောက်ပိုင်း အကြမ်းဖက်စစ်ကောင်စီမှ စနစ်တကျ ကျူးလွန်ချိုးဖောက်နေသော စစ်ရာဇဝတ် နှင့် လူ့အခွင့်အရေးချိုးဖောက်မှုပြဇယား**

ဇယားများ (၁) အရပ်သားများအပေါ် လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှု

| စဉ် | ချိုးဖောက်သည့် ရက်စွဲ | ချိုးဖောက်ကျူးလွန်သည့် နေရာ | ချိုးဖောက်မှုဖြစ်စဉ် | ကျူးလွန်ချိုးဖောက်ခံရသူ | | | |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | မသိ | ပေါင်း |
| ၁ | ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ၊ ၁၁ ရက်နေ့ | မိုင်းလုံမြို့နယ်ခွဲ အောင်မြေ ရပ်ကွက် | ဂျက်ဖိုက်တာဖြင့် ဗုံးကြဲခြင်းကြောင့် မိုင်းလုံမြို့ခံ အမျိုး သမီး ၁ ဦး သေဆုံးခဲ့သည်။ | | ၁ | | ၁ |
| ၂ | ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ၊ ၁၁ ရက် | နမ့်ခမ်းမြို့နယ် ဟိုကတ်ရက်ကွက် | စခန်းသစ်တပ်သိမ်းတိုက်ပွဲအတွင်း အကြမ်းဖက်စစ်ကောင်စီမှ လေယာဉ်ဖြင့် ဗုံးကြဲရာတွင် ဒေသခံ ၅ ဦး ဒဏ်ရာရှိပြီး တစ်ဦးထိခိုက်သေဆုံးခဲ့ပါသည်။ | ၂ | ၄ | | ၆ |
| ၃ | ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ၊ ၂၀ ရက် | ကွတ်ခိုင်မြို့နယ် မန်အောင်စုစည်း ကျေးရွာ | အကြမ်းဖက်စစ်ကောင်စီမှ လေယာဉ်ဖြင့် ပစ်လိုက်သည့် လက်နက်ကြီး ကျရောက်ပေါက်ကွဲမှုကြောင့် ရေချိုးပြီး ပြန်လာသည့် အမျိုးသားတစ်ဦး၏ ရှေ့တွင် ကျရောက် ပေါက်ကွဲသဖြင့် ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိပြီး အမျိုးသမီးတစ်ဦးဒဏ်ရာရရှိပါသည်။ | ၁ | ၁ | | ၂ |
| ၄ | ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ၊ ၂၉ ရက် | ကွတ်ခိုင်မြို့နယ် နမ်ဖတ်ကာ ကျေးရွာ | ကချင်တပ်မတော်နဲ့ အကြမ်းဖက်စစ်ကောင်စီတို့အကြားတိုက်ပွဲ ဖြစ်ပွားနေစဉ် အကြမ်းဖက်စစ်ကောင်စီမှ လေယာဉ်ဖြင့် ဗုံးကြဲ ခြင်းကြောင့် ဒေသခံ ၅ ဦးသေဆုံးပြီး ၂ ဦး ဒဏ်ရာရရှိခဲ့သည်။ | ၁ | ၁ | ၅ | ၇ |
| ၅ | ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ၊ ၂၉ ရက် | ကွတ်ခိုင်မြို့နယ် နမ်ဖတ်ကာ ကျေးရွာ | အကြမ်းဖက်စစ်ကောင်စီမှ လေယာဉ်ဖြင့် ဗုံးကြောင့် ဒဏ်ရာရရှိကာ ဆေးကုသခွင့် မရဘဲ တစ်ဦးသေဆုံးခဲ့သည်။ | ၁ | ၁ | | ၂ |

| စဉ် | ချိုးဖောက်သည့် ရက်စွဲ | ချိုးဖောက်ကျူးလွန်သည့် နေရာ | ချိုးဖောက်မှုဖြစ်စဉ် | ကျူးလွန်ချိုးဖောက်ခံရသူ | | | |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | မသိ | ပေါင်း |
| ၆ | ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ၊ ၁ ရက် | ကွတ်ခိုင်မြို့နယ် ဟွေခုတ်ကျေးရွာ | အကြမ်းဖက်စစ်ကောင်စီသည် ဂျက်ဖိုက်တာလေယာဉ်ဖြင့် ဗုံးကြဲခဲ့ခြင်းကြောင့် ရိက္ခာပြန်လာယူသော စစ်ရှောင်မိသားစုဝင် ၄ ဦး ထိခိုက်ခဲ့ပြီး အဖေဖြစ်သူမှ ပွဲချင်းပြီး သေဆုံးသွားခဲ့သည်။ | ၁ | ၃ | | ၄ |
| ၇ | ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ၊ ၂ ရက် | ကွတ်ခိုင်မြို့နယ် ဟိုအစ်ကျေးရွာ | လင်မယားနှစ်ဦးမှ တောင်ယာတွင် အလုပ်လုပ်နေသည့်အချိန်တွင် အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့မှ ကင်းထောက်လေယာဉ်ဖြင့် ဗုံးကြဲခဲ့ခြင်းကြောင့် ဇနီးဖြစ်သူထိမှန်ဒဏ်ရာ ရရှိခဲ့ပါသည်။ | ၁ | | | ၁ |
| ၈ | ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ၊ ၂ ရက် | ကွတ်ခိုင်မြို့နယ် ရပ်ကွက်(၈)(၄)(၂) | အကြမ်းဖက်စစ်ကောင်စီမှ လေကြောင်းဖြင့် လာရောက်ဗုံးကြဲခြင်း ကြောင့် ဒေသခံ ၂ ဦး ထိခိုက်ဒဏ်ရာရရှိပြီး ၃ ဦး သေဆုံးကာ အရပ်သား နေအိမ်အများအပြား ပျက်စီးမှုရှိနေသည်။ | ၅ | | | ၅ |
| ၉ | ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ၊ ၅ ရက် | လားရှိုးမြို့နယ် မန်မွမ်းကျေးရွာ | အကြမ်းဖက်စစ်ကောင်စီမှ လက်နက်ကြီးများ ရမ်းသမ်းပတ်ခတ်မှုကြောင့် ကျရောက်ပေါက်ကွဲမှုကာ နေအိမ် ၂ အိမ်ပျက်စီးပြီး ရွာသား ၁ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ | ၁ | | | ၁ |
| ၁၀ | ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ၊ ၇ ရက် | နမ့်ဆန်မြို့နယ် မြို့သစ်ကျေးရွာ | တိုက်ပွဲဖြစ်ပွားခြင်းမရှိပဲ အကြမ်းဖက်စစ်တပ်မှ ရည်ရွယ်ချက် ရှိရှိဖြင့် လေယာဉ်အသုံးပြုကာ ပေါင် ၅၀၀ ဖြင့် ဗုံးကြဲခြင်းကြောင့် ကလေး ၂ ဦး အပါအဝင် အရပ်သားပြည်သူ ၅ ဦး သေဆုံးပြီး ၁၀ ဦး ဒဏ်ရာရခဲ့ပါသည်။ | ၆ | ၉ | | ၁၅ |
| ၁၁ | ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ၊ ၇ရက် | လားရှိုးမြို့နယ် မိုင်းယော်အတွင်း | ည ၇နာရီခွဲအချိန်တွင် အကြမ်းဖက်စစ်တပ်မှ လေကြောင်း အသုံးပြုပြီး ပေါင် ၅၀၀ ဗုံးဖြင့် သုံးကြိမ်ဆက် တိုက်ဗုံးကြဲခြင်းကြောင့် ကလေး အပါအဝင် အရပ်သားပြည်သူ (၄) ဦး သေဆုံးပြီး ၁ ဦး ဒဏ်ရာရရှိခဲ့ ပါသည်။ | ၁ | ၄ | | ၅ |



| စဉ် | ချိုးဖောက်သည့် ရက်စွဲ | ချိုးဖောက်ကျူးလွန်သည့် နေရာ | ချိုးဖောက်မှုဖြစ်စဉ် | ကျူးလွန်ချိုးဖောက်ခံရသူ | | | |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | မသိ | ပေါင်း |
| ၁၂ | ၂၀၂ ၄ ခုနှစ်၊ ဇန်နဝါရီလ၊ ၁၁ ရက် | နမ္မတူမြို့နယ် မန်လီကျေးရွာ | အကြမ်းဖက်စစ်တပ်က ဂျက်လေယာဉ်နှင့် ဗုံးလာကြဲခြင်းကြောင့် စာသင်ကျောင်း၊ မူကြိုကျောင်း၊ ခန်းမအပါအဝင် ဘုန်းကြီးကျောင်း၏ သိမ်ကျောင်းနှင့် ကိုယ်ထူကိုယ်ထ စာကြည့်တိုက်များအပြင် နေအိမ် (၁၀)အိမ်နှင့် TNEC ကျောင်းဆရာမ တစ်ဦးသေဆုံးခဲ့သည်။ | | ၁ | | ၁ |
| ၁၃ | ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ၊ ၁၁ရက် | နောင်ချိုမြို့နယ် သုံးဆယ်ကျေးရွာ | ကျေးရွာအတွင်းတွင်ကို အကြမ်းဖက်စစ်ကောင်စီ ဗုံးကြဲခဲ့ခြင်းကြောင့် ရွာသား (၃) ဦး ထိခိုက်ပြီး သေဆုံးပြီး နေအိမ်လည်း ထိခိုက်ပျက်စီးခဲ့သည်။ | ၁ | ၂ | | ၃ |
| ၁၄ | ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ၊ ၂၁ရက် | နမ့်ခမ်းမြို့နယ် နောင်မ(လုံ) ကျေးရွာ | အကြမ်းဖက်စစ်ကောင်စီမှ လေယာဉ်ဖြင့် လက်နက်ကြီးများ ရမ်းသမ်းပတ်ခတ်မှုကြောင့် ကျေးရွာအတွက် ကျရောက်ပေါက်ကွဲ သဖြင့် နေအိမ်နှင့် ဆိုင်အချို့ပျက်စီးကာ ရွာသား ၂ဦး လည်းဒဏ်ရာရရှိခဲ့သည်။ | ၁ | ၁ | | ၂ |
| ၁၅ | ၂၀၂၄ ခုနှစ်၊ ဇွန်လ၊ ၁၉ရက် | ကျောက်မဲမြို့ မိုင်းလုံမြို့နယ်ခွဲ၊ တောင်နီကျေးရွာ | အကြမ်းဖက်စစ်ကောင်စီ ဂျက်လေယာဉ်ဖြင့် ဗုံးကြဲခဲ့ရာမှာ ဒေသခံ အမျိုးသမီး ၁ ဦး ပွဲချင်းပြီးသေဆုံးခဲ့ပြီး အသက်(၁၀) နှစ်အရွယ် ကျောင်းသူ ၁ ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ | | ၂ | | ၂ |
| ၁၆ | ၂၀၂၄ ခုနှစ်၊ ဇွန်လ၊ ၂၄ရက် | ကျောက်မဲမြို့ မိုင်းလုံမြို့နယ်ခွဲ၊ ပိန်အင်ကျေးရွာ | အကြမ်းဖက်စစ်ကောင်စီ ဂျက်လေယာဉ်ဖြင့် ဗုံးကြဲခဲ့ရာမှာ ဒေသခံအမျိုးသမီး ၁ ဦး ပွဲချင်းပြီး သေဆုံးခဲ့သည်။ | | ၁ | | ၁ |
| ၁၇ | ၂၀၂၄ ခုနှစ်၊ ဇွန်လ၊ ၂၄ရက် | ကျောက်မဲ မြို့နယ် | အကြမ်းဖက်စစ်ကောင်စီနှင့် တအာင်းတပ်မတော်တို့အကြား တိုက်ပွဲ စတင်ဖြစ်ပွားနေပြီး အကြမ်းဖက်စစ်ကောင်စီမှ လက်နက်ကြီးများ အဆက်မပြတ်ပစ်ခတ်နေခြင်းကြောင့် ဒေသခံ အမျိုးသား ၁ ဦး နှင့် အမျိုးသမီး ၁ ဦး သေဆုံးခဲ့ပြီး ကလေးငယ် ၁ ဦး အပါအဝင် ၂ ဦး ဒဏ်ရာရရှိခဲ့သည်။ | ၂ | ၂ | | ၄ |

| စဉ် | ချိုးဖောက်သည့် ရက်စွဲ | ချိုးဖောက်ကျူးလွန်သည့် နေရာ | ချိုးဖောက်မှုဖြစ်စဉ် | ကျူးလွန်ချိုးဖောက်ခံရသူ | | | |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | မသိ | ပေါင်း |
| ၁၈ | ၂၀၂၄ ခုနှစ်၊ ဇွန်လ၊ ၂၉ ရက် | ကျောက်မဲမြို့နယ် အမှတ်(၁)ပင်ပေါ လေးရပ်ကွက် | အကြမ်းဖက်စစ်ကောင်စီမှ ဂျက်လေယာဉ်ဖြင့် ဗုံးလာကြဲခြင်းကြောင့် အသက် (၁၀) နှစ်ကျော် ကလေးငယ် ၁ ဦး သေဆုံးပြီး အမျိုးသမီးတစ်ဦး ဒဏ်ရာရခဲ့သည်။ | | ၁ | ၁ | ၂ |
| ၁၉ | ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ၊ ၁ ရက် | သီပေါမြို့နယ် စံဖိတ်ရပ်ကွက် | အကြမ်းဖက်စစ်ကောင်စီမှ ရမ်းသမ်းပစ်ခတ်လိုက်သော လက်နက်ကြီး ကျရောက်ပေါက်ကွဲမှုကြောင့် ဒေသခံ ၅ ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။ | ၃ | ၂ | | ၅ |
| ၂၀ | ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ၊ ၈ရက် | မိုးမိတ်မြို့နယ် မြောက်ပိုင်း ရပ်ကွက် | အကြမ်းဖက်စစ်ကောင်စီမှ ဂျက်ဖိုက်တာဖြင့် ဗုံးလာကြဲခဲ့တာကြောင့် အဖွားအိုတစ်ဦး တင်ပါးဘယ်ဘက်အနောက်ခြမ်းတွင် ကျည်အစများထိမှန်ပြီး ဒဏ်ရာပြင်းထန်ရရှိသည်။ | | ၁ | | ၁ |
| ၂၁ | ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ၊ ၁၃ ရက် | သိန္နီမြို့နယ် ပိန်ဆာကျေးရွာ | အကြမ်းဖက်စစ်ကောင်စစ်မှ လေယာဉ်ဖြင့် ထပ်မံဗုံးကြဲခြင်းကြောင့် အရပ်သားနေအိမ် (၂)လုံး ထိခိုက်ပျက်စီးပြီး အမျိုးသမီး (၂)ဦး ဒဏ်ရာရရှိခဲ့ပါသည်။ | | ၂ | | ၂ |
| ၂၂ | ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ၊ ၁၈ ရက် | သိန္နီမြို့နယ် ဈေး | အကြမ်းဖက်စစ်ကောင်စီမှ ဂျက်လေယာဉ်ဖြင့် ဗုံးကြဲခဲ့ပြီး မြို့ခံ ၂၀ ဦးထက်မနည်း သေဆုံးခဲ့ပြီး ဒဏ်ရာရရှိသည်။ | | | ၂၀ | ၂၀ |
| ၂၃ | ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ၊ ၂၁ ရက် | မိုးကုတ်မြို့နယ် ဈေးဟောင်း ရပ်ကွက် | မည့်သည့်နေရာမှလာသည့် လက်နက်ကြီးတစ်လုံးသည် ရပ်ကွက်နေအိမ်တွင် ကျရောက်ပေါက်ကွဲပြီး CDM ဆရာဝန်တစ်ဦးကို ဦးခေါင်းထိမှန်ပြီး ပွဲချင်းပြီးသေဆုံးသွားခဲ့သည်။ | ၁ | | | ၁ |
| ၂၄ | ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ၊ ၂၂-၂၃ ရက် | မိုးကုတ်မြို့နယ် ဗိုလ်ကုန်း၊ အနောက်ကုန်း ရပ်ကွက် | လက်နက်ကြီးပစ်ခတ်မှုကြောင့် အရပ်သား ကျား ၂ ဦးနှင့် မ ၁ ဦး ထိခိုက်ဒဏ်ရာရခဲ့ပြီး ရပ်ကွက်အတွင်းပြည်သူနေအိမ် ၄ အိမ် ထိခိုက်ပျက်စီးခဲ့သည်။ | ၂ | ၁ | | ၃ |



| စဉ် | ချိုးဖောက်သည့် ရက်စွဲ | ချိုးဖောက်ကျူးလွန်သည့် နေရာ | ချိုးဖောက်မှုဖြစ်စဉ် | ကျူးလွန်ချိုးဖောက်ခံရသူ | | | |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | မသိ | ပေါင်း |
| ၂၅ | ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ၊ ၂၃ ရက် | မိုးကုတ်မြို့နယ် ကျောက်သလုံး ကျေးရွာ | အကြမ်းဖက် စစ်ကောင်စီမှ ဒရုန်းဗုံးကြဲတိုက်ခိုက်လာသောကြောင့် အမျိုးသမီး တစ်ဦးသေဆုံးပြီး ကလေး ၁ ဦးအပါအဝင် အမျိုးသမီး ၃ ဦး ထိခိုက် ဒဏ်ရာရရှိခဲ့သည်။ | ၁ | ၃ | | ၄ |
| ၂၆ | ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ၊ ၂၃ ရက် | မိုးကုတ်မြို့နယ် ရွှေဘုံသာ ရပ်ကွက် | နေအိမ်တံခါးပိတ်သည့်အချိန် အမျိုးသား ၂ ဦး လက်နက်ကြီးကျည်ထိမှန်ပြီး ဒဏ်ရာရခဲ့သည်။ ထို့ချိန်တူ ရှမ်းစုရပ်ကွက် မော်တော်ပီကယ်ကင်းစောင့်ဂိတ်တွင် လက်နက်ကြီး ကျပေါက်ကွဲပြီး အမျိုးသား ၁ ဦး နှင့် အမျိုးသမီး ၁ ဦးလဲ ဒဏ်ရာရရခဲ့သည်။ | ၃ | ၁ | | ၄ |
| ၂၇ | ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ၊ ၂၅ ရက် | သိန္နီမြို့နယ် ဟိုတယ် | အကြမ်းဖက်စစ်ကောင်စီမှ လေယာဉ်ဖြင့် ထပ်မံဗုံး လာကြဲသဖြင့် သိန္နီဟိုတယ်တွင် ကျရောက်ပေါက်ကွက်ကာ ဒေသခံတစ်ဦး ဒဏ်ရာရရှိခဲ့ပါသည်။ | ၁ | | | ၁ |
| ၂၈ | ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ၊ ၂၆ ရက် | မိုးကုတ်မြို့နယ် မင်းတံတား/ နမ-၉ | ၁၂၀ မမလက်နက်ကြီးဗုံးတစ်လုံး အရပ်သားနေအိမ်အတွင်း ကျရောက်ပေါက်ကွဲမှုကြောင့် နေအိမ်ပျက်စီးသည့်အပြင် လင်မယားနှစ်ဦး ထိခိုက်ပြီး ဇနီးဖြစ်သူ ဘယ်လက်ဖြတ်ပစ်လိုက်ရသည်။ | ၁ | ၁ | | ၂ |
| ၂၉ | ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ၊ ၂၈ ရက် | သိန္နီမြို့နယ် ကားဂိတ် | အကြမ်းဖက်စစ်ကောင်စီမှ လေယာဉ်ဖြင့် ထပ်မံဗုံးလာကြဲသည့်အတွက် ကလေးအပါအဝင် (၂) ဦး သေဆုံးပြီး (၅) ဦးဒဏ်ရာရရှိကြောင်း သိရှိရသည်။ | ၄ | ၃ | | ၇ |
| ၃၀ | ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ၊ ၅ ရက် | လားရှိုးမြို့နယ် အောင်မင်္ဂလာ နမ့်ဆန် ကျောင်းတိုက် | အကြမ်းဖက်စစ်ကောင်စီတပ်မှ ကျောင်းပရဝုဏ်အတွင်း လေယာဉ်ဖြင့် ဗုံးလာကြဲခြင်းကြောင့် ကျောင်းမှာ သီတင်းသုံးနေကြသည့် ကိုရင် ၂ ပါး ပျံလွန်တော်မူသွားပြီး ၁၁ ပါး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ | ၁၃ | | | ၁၃ |

| စဉ် | ချိုးဖောက်သည့် ရက်စွဲ | ချိုးဖောက်ကျူးလွန်သည့် နေရာ | ချိုးဖောက်မှုဖြစ်စဉ် | ကျူးလွန်ချိုးဖောက်ခံရသူ | | | |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | မသိ | ပေါင်း |
| ၃၁ | ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ၊ ၅ ရက် | ကွတ်ခိုင်မြို့နယ် မြို့မဈေး | တိုက်ပွဲဖြစ်ပွါးခြင်း မရှိဘဲ အကြမ်းဖက်စစ်ကောင်စီမှ YAK-130 ဂျက်ဖိုက်တာဖြင့် ဗုံးလာကြဲသည့်အတွက် ဒေသခံ ၄ ဦးသေဆုံးပြီး ၉ဦး ဒဏ်ရာရရှိကာ ဈေးဆိုင်ခန်းပေါင်း ၄၀၀ ကျော် မီးလောင်ပျက်စီးခဲ့သည် | ၃ | ၁ | ၉ | ၁၃ |
| ၃၂ | ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ၊ ၁၃ ရက် | နမ့်ဆန်မြို့နယ် | တိုက်ပွဲဖြစ်ပွားမှုမရှိပဲ အကြမ်းဖက်စစ်ကောင်စီမှ ဂျက်ဖိုက်တာဖြင့် ပေါင် (၅၀၀) ဗုံးဖြင့် ၆ လုံး ဗုံးကြဲရာတွင် တရားဥဒေပရုံး၊ EPC ရုံး၊ လက်ဖက်စက်ရုံတို့ပျက်စီးပြီး ဒေသခံအမျိုးသား ၁ ဦး သေဆုံးပြီး ၁ ဦး  ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ | ၂ | | | ၂ |
| ၃၃ | ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ၊ ၂၄ ရက် | မိုးကုတ်မြို့နယ် မြို့လယ်အရှေ့ ပိုင်း | Y12 လေယာဉ်ဗုံးကြဲခြင်းကြောင့် မိုးကုတ်၊ ပတ္တမြားရပ် ဒေသခံ အမျိုးသား ၂ ဦး သေဆုံးခဲ့သည်၊။ | ၂ | | | ၂ |
| ၃၄ | ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ၊ ၆ ရက် | နမ့်ခမ်းမြို့နယ်၊ ပေါက်နေရပ်ကွက်နှင့် ဟိုကတ်ရပ်ကွက် | တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ အကြမ်းဖက်စစ်ကောင်စီတပ်က လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် ၁၁ ဦးသေဆုံး ၁၂ ဦး ဒဏ်ရာရရှိခဲ့ပါသည်။ | ၁၂ | ၁၁ | | ၂၃ |
| ၃၅ | ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ၊ ၉ ရက် | လားရှိုးမြို့နယ် | စစ်ကောင်စီ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ထွေ/အုပ်ရုံးမှုဝန်ထမ်းတစ်ချို့အပါအဝင် ပြည်သူ (၁၂) ဦး ထက်မနည်း ထိခိုက်ဒဏ်ရာ ရရှိပြီး ပြည်သူ့နေအိမ် အဆောက်အဦး အများအပြား ပျက်စီးဆုံးရှုံးခဲ့သည်။ | | | ၁၂ | ၁၂ |
| ၃၆ | ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ၊ ၁၀ရက် | သိန္နီမြို့နယ် ပန်လော့ ကျေးရွာအုပ်စု မန်ချက်ကျေးရွာ | အကြမ်းဖက်စစ်ကောင်စီ တပ်မှ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ရာ အရပ်သားပြည်သူ ၄ ဦး ထိခိုက်ဒဏ်ရာရပြီး နေအိမ် (၃) လုံးထက်မနည်း ထိခိုက်ပျက်စီးခဲ့သည် | | | ၄ | ၄ |



| စဉ် | ချိုးဖောက်သည့် ရက်စွဲ | ချိုးဖောက်ကျူးလွန်သည့် နေရာ | ချိုးဖောက်မှုဖြစ်စဉ် | ကျူးလွန်ချိုးဖောက်ခံရသူ | | | |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | မသိ | ပေါင်း |
| ၃၇ | ၂၀၂၄ ခုနှစ် အောက်တိုဘာလ၊ ၂၂ ရက် | နမ့်ဆန်မြို့နယ် ဟိုမိန်းကျေးရွာ | သန်ခေါင်အချိန် ပြည်သူများ အိပ်မောကျနေစဉ်တွင် အကြမ်းဖက်စစ်ကောင်စီက လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် အဖွားအို ၁ ဦး သေဆုံးပြီး အမျိုးသမီး ၁ ဦး ဒဏ်ရာရရှိခဲ့ပါသည်။ | | ၃ | | ၃ |
| ၃၈ | ၂၀၂၄ ခုနှစ်၊ နိုဝင်လာလ၊ ၁၇ ရက် | မိုင်းငေါ့မြို့နယ်ခွဲ မန်လုံရပ်ကွက် | အကြမ်းဖက်စစ်ကောင်စီမှ ဂျက်ဖိုက်တာဖြင့် ဗုံးကြဲခြင်းကြောင့် မြို့ခံ ၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်ဟု သိရှိရသည်။ | ၁ | ၄ | | ၅ |
| ၃၉ | ၂၀၂၄ ခုနှစ်၊ နိုဝင်လာလ၊ ၁၁ ရက် | မိုးကုတ်မြို့နယ် အနောက်ပိုင်း နှင့် အရှေ့ပိုင်းဒေသ | အကြမ်းဖက်စစ်ကောင်စီမှ လေကြောင်းဖြင့် လာရောက်ဗုံးကြဲခြင်းကြောင့် ဒေသခံ ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိပြီး အနည်းဆုံး ၂ ဦး သေဆုံးကာ အရပ်သားနေအိမ်အများအပြား ပျက်စီးမှုရှိနေသည်။ | | | ၁၂ | ၁၂ |
| ၄၀ | ၂၀၂၄ ခုနှစ်၊ နိုဝင်လာလ၊ ၁၃ ရက် | မိုင်းယော်မြို့နယ် ရွာသစ်ကျေးရွာ | နာရီခွဲအချိန်တွင် အမှိုက်ပုံမီးရှို့ရာမှ ဗုံးတစ်လုံးပေါက်ကွဲပြီး မီးလှုံနေကြသည့်အချိန် ကလေးငယ်တစ်ဦး ပွဲချင်းပြီး သေဆုံးခဲ့ပြီး ကလေးငယ်နှစ်ဦး အပါအဝင် ၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ | | | ၆ | ၆ |
| ၄၁ | ၂၀၂၄ ခုနှစ်၊ နိုဝင်လာလ၊ ၁၇ ရက် | မိုင်းငေါ့မြို့နယ်ခွဲ မန်လုံရပ်ကွက် | အကြမ်းဖက်စစ်ကောင်စီမှ ဂျက်ဖိုက်တာဖြင့် ဗုံးကြဲခြင်းကြောင့် မြို့ခံ ၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်ဟု သိရှိရသည်။ | ၁ | ၄ | | ၅ |
| ၄၂ | ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ၊ ၃၀ ရက် | ကျောက်မဲ မြို့နယ် အင်ကြင်းတောင် ရပ်ကွက် | တိုက်ပွဲဖြစ်ပွားမှုမရှိပဲ အကြမ်းဖက်စစ်ကောင်စီမှ ဂျက်ဖိုက်တာဖြင့် ပေါင် ၅၀၀ ၂ လုံးဗုံးကြဲခြင်းကြောင့် ပြည်သူ ၇ ဦးသေဆုံး၊ ၁၄ ဦးဒဏ်ရာရခဲ့ပြီး နေအိမ် ၁၇ အိမ် ပျက်စီးခဲ့သည်။ | ၉ | ၁၂ | | ၂၁ |

| စဉ် | ချိုးဖောက်သည့် ရက်စွဲ | ချိုးဖောက်ကျူး လွန်သည့် နေရာ | ချိုးဖောက်မှုဖြစ်စဉ် | ကျူးလွန်ချိုးဖောက်ခံရသူ | | | |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | မသိ | ပေါင်း |
| ၄၃ | ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ၊ ၁၇ ရက် | ကွတ်ခိုင်မြို့နယ် ရပ်ကွက် ၄၊ တရုတ်နှစ်ချင်း ခရစ်ယာန်ဘုရား ကျောင်း | တိုက်ပွဲဖြစ်ပွားမှုမရှိပဲ အကြမ်းဖက် စစ်ကောင်စီမှ ဂျက်ဖိုက်တာဖြင့် ဗုံးကြဲခဲ့ခြင်းကြောင့် ပြည်သူ ၁၀ နီးပါး ဒဏ်ရာရရှိခဲ့ပြီး ၃ ဦး သေဆုံး ခဲ့သည်။တရုတ်နှစ်ချင်း ခရစ်ယာန် ဘုရားကျောင်း နှင့် အနီးရှိ နေအိမ် များပျက်စီးခဲ့သည်။ | ၁ | ၅ | ၁၃ | ၁၉ |
| ၄၄ | ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် | ကျောက်မဲ မြို့နယ် ရပ်ကွက်(၈) နယ်မြေ(၄) | အကြမ်းဖက်စစ်ကောင်စီမှ ပေါင် ၅၀၀ ဗုံးကြဲခဲ့ခြင်းကြောင့် ကလေး ငယ်တစ်ဦး နှင့် သံဃာတော်တစ်ပါး အပါအဝင် အရပ်သား ၇ ဦး သေဆုံး ခဲ့ပြီး ၁၄ ဦးအထက် အပြင်းအထန် ဒဏ်ရာရရှိကာ နေအိမ် (၁၇) အိမ် အထိ ပျက်စီးခဲ့သည်။ | ၉ | ၁၂ | | ၂၁ |
| စုစုပေါင်း | | | | ၉၃ | ၁၀၀ | ၈၂ | ၂၇၅ |



## ဇယား (၂) အရပ်သားပြည်သူများအပေါ် ဗုံးကြဲတိုက်ခိုက်မှု

| စဉ် | ချိုးဖောက်သည့် ရက်စွဲ | ချိုးဖောက်ကျူး လွန်သည့် နေရာ | ချိုးဖောက်မှုဖြစ်စဉ် | ကျူးလွန်ချိုးဖောက်ခံရသူ | | | |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | မသိ | ပေါင်း |
| ၁ | ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ၊ ၂၉ ရက် | မုံးကိုးမြို့နယ် ကောင်းဟာ/ ကောင်းလုံ ကျေးရွာ | အကြမ်းဖက်စစ်ကောင်စီတပ် ပစ်လိုက်သော လက်နက်ကြီး နေအိမ် ပေါ် ကျရောက် ပေါက်ကွဲမှုကြောင့် မိသားစု ၄ ဦး သေဆုံးခဲ့သည်။ | | | ၄ | ၄ |
| ၂ | ၂၀၂၁ ခုနှစ်၊ အောက်တို ဘာလ၊ ၁၂ ရက် | နမ့်ခမ်းမြို့နယ် နမ့်စန်းကျေးရွာ | လက်နက်ကြီး ကျရောက်ပေါက်ကွဲမှု ကြောင့် ကလေး ၃ ဦး ထိခိုက်ဒဏ်ရာ ရခဲ့သည်။ | ၁ | ၂ | | ၃ |
| ၃ | ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ၊ ၅ ရက် | နမ့်ခမ်းမြို့နယ် ဟိုနားကျေးရွာ | နမ့်ခမ်းမြို့နယ် စခန်းသစ် တပ်ကုန်း မှာ အခြေချသော စစ်ကောင်စီမှ လက်နက်ကြီး/ငယ်များ တစ်ဖက် သတ်ပစ်ခတ်မှုကြောင့် ကလေးငယ် အပါအဝင် ဒေသခံ (၆) ဦး ထိခိုက် ဒဏ်ရာရခဲ့သည်။ | | | ၆ | ၆ |
| ၄ | ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၇ ရက် | မိုင်းယော် မြို့နယ် ပန်နန်းကျေးရွာ | ရွာသားများက စစ်ဘေးရှောင်ပြီး နေအိမ်အပြန်လာစဉ်လမ်းမှာ လက်နက်ကြီး ပေါက်ကွဲမှုကြောင့် အရပ်သား (၈) ဦး ထိခိုက်ကာ ၄ ဦး သေပြီးတော့ ၄ ဦးက ဒဏ်ရာ ပြင်းထန်စွာရရှိသည်။ | | | ၈ | ၈ |
| ၅ | ၂၀၂၂ ခုနှစ်၊ ဇွန်လ၊ ၁၅ ရက် | ကွတ်ခိုင်မို့နယ် ဇွပ်အောင် စစ် ရှောင်စခန်း | တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် စစ်ကောင် စီဘက်က ပစ်လိုက်တဲ့ လက်နက်ကြီး ကြောင့် ကုန်ကြမ်းကျေးရွာမှ အရပ် သားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဇွပ်အောင်စစ်ရှောင်စခန်းမှ အရပ် သားဖြစ်တဲ့ သားအမိနှစ်ဦးတို့ အသက်ဆုံးရှုံးခဲ့ရသည်။ | | | ၃ | ၃ |
| ၆ | ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ၊ ၂၅ ရက် | ကွတ်ခိုင်မြို့နယ် မန်နောင် ကျေးရွာ | တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် စစ်ကောင် စီဘက်က ပစ်လိုက်တဲ့ လက်နက်ကြီး ကြောင့် ၃နှစ်အရွယ် ကလေး တစ်ဦး သေဆုံးခဲ့သည်။ | ၁ | | | ၁ |
| ၇ | ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ၊ ၁ ရက် | ကွတ်ခိုင်မြို့နယ် နမ့်ဖတ်ကာ ကျေးရွာ | တောထဲတွင် မီးသွေးဖုတ်နေသော မန်လုံကျေးရွာခံ အမျိုးသား တစ်ဦး သည် စစ်ကောင်စီတပ်က လက်နက် ကြီး ရမ်းသမ်းပစ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရခဲ့သည်။ | ၁ | | | ၁ |

| စဉ် | ချိုးဖောက်သည့် ရက်စွဲ | ချိုးဖောက်ကျူး လွန်သည့် နေရာ | ချိုးဖောက်မှုဖြစ်စဉ် | ကျူးလွန်ချိုးဖောက်ခံရသူ | | | |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | မသိ | ပေါင်း |
| ၈ | ၂၀၂၃ ခုနှစ်၊ ဧပြီလ၊ ၇ ရက် | လားရှိုးမြို့နယ် နားမခေါ် ကျေးရွာ | အကြမ်းဖက်စစ်ကောင်စီသည် TNLA တည်ရှိရာ စခန်းတစ်ခုကို လက်နက်ကြီး ပစ်ခတ်မှုကြောင့် ဒေသခံ သုံးဦး ဒဏ်ရာရရှိသည်။ | | | ၃ | ၃ |
| ၉ | ၂၀၂၃ ခုနှစ်၊ ဇွန်လ၊ ၁ရက် | မဘိမ်းမြို့နယ် ရမ်းဘိုကျေးရွာ | တိုက်ပွဲဖြစ်ပွါးခြင်း မရှိဘဲ အကြမ်းဖက်စစ်ကောင်စီက လေယာဉ်ဖြင့် လာရောက် ဗုံးကြဲခဲ့တာကြောင့် အရပ်သား ၄ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ | | | ၄ | ၄ |
| ၁၀ | ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ၊ ၁၇ ရက် | လားရှိုးမြို့နယ် ဟိုနားပန်ဟုန်း ကျေးရွာ | အကြမ်းဖက်စစ်ကောင်စီနှင့် ကိုးကန့် တပ်မတော်တို့အကြား တိုက်ပွဲဖြစ်ပွားနေစဉ် လက်နက်ကြီး ကျရောက်ပေါက်ကွဲမှု ကြောင့် ရှစ်လသား အရွယ်ဒဏ်ရာရပြီး မိခင်ဖြစ်သူ သေဆုံးကာ ဒေသခံ အများအပြား စစ်ရှောင်နေရသည်။ | ၁ | ၁ | | ၂ |
| ၁၁ | ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ၊ ၉ ရက် | ကွတ်ခိုင်မြို့နယ် နာဖိုင်းကျေးရွာ | အကြမ်းဖက်စစ်ကောင်စီ နမ့်ဖက်ကာ အခြေစိုက် အမှတ် ၁၂၃ ခြေလျင် တပ်ရင်းက လက်နက်ကြီး ၃ လုံး ပစ်လိုက်ခြင်းကြောင့် နားဖိုင်ရွာရှိ နေအိမ်တစ်အိမ်ပေါ်ကျရောက်ပြီး အိမ်ထဲမှ ညီအစ်မ နှစ်ဦးကို လက်နက်ကြီးစ ထိမှန်ခဲ့သည်။ | | ၂ | | ၂ |
| ၁၂ | ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ၊ ၁၁ ရက် | ကွတ်ခိုင်မြို့နယ် ပြည်ထောင်စု လမ်းမကြီး | ကွတ်ခိုင်သို့ မှတ်ပုံတင်လုပ်ရန်သွားသော လွယ်မိန်းဆာရွာမှ ဒေသခံ မိန်းကလေး တစ်ဦးသည် လမ်းခုလက်တစ်နေရာတွင် လက်နက်ကြီး ထိပြီး ဒဏ်ရာရခဲ့ပါသည်။ | | ၁ | | ၁ |
| ၁၃ | ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ၊ ၂၅ ရက် | မူဆယ်မြို့နယ် ဆိုင်ခေါင် ကျေးရွာ | အကြမ်းဖက် စစ်ကောင်စီက ရမ်းသမ်း ပတ်ခတ်လိုက်သည့် လက်နက်ကြီး ကြောင့် ဒေသခံတစ်ဦး ပွဲချင်းပြီး သေဆုံကာ ၎င်းရုပ်အလောင်းကို လည်း အကြမ်းဖက်စစ်ကောင်စီ ဘက်က ပြန်လုယူသွားသည်။ | ၁ | | | ၁ |
| ၁၄ | ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ၊ ၂၉ ရက် | ကွတ်ခိုင်မြို့နယ် လွယ်ကုန်း ကျေးရွာ | လွယ်ကုန်းရွာအနီးတွင် နမ့်ဖက်ကာ အခြေစိုက် ခလရ (၁၂၃) လက်အောက်ခံစစ်ကောင်စီတပ်သားတွေက လက်နက်ကြီး ရမ်းသမ်း ပစ်ခတ်မှုကြောင့် ဒေသခံ ၃ ဦး ထိခိုက်ပြီး ၁ ဦးသေဆုံးခဲ့သည်။ | | | ၄ | ၄ |
| ၁၅ | ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ၊ ၂ ရက် | မူဆယ်မြို့နယ် ခိုမုန်းရွာနှင့် တုန်းခမ်းရွာ ကြား | တိုက်ပွဲဖြစ်ပွားနေစဉ်တွင် လက်နက်ကြီးပစ်ခတ်မှုကြောင့် ခိုမုန်းကျေးရွာကို အလည်ကြွလာသည့် မန္တလေးမှ ဘုန်းကြီးတစ်ပါးကို လက်နက်ကြီးစ ထိမှန်ကာ ဒဏ်ရာရရှိခဲ့သည် | ၁ | | | ၁ |
| ၁၆ | ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ၊ ၂၉ ရက် | မူဆယ်မြို့နယ် | တိုက်ပွဲအတွင်း လက်နက်ကြီးများစွာ အသုံးပြုပစ်ခတ်မှုကြောင့် အရပ်သား နှစ်ဦး ထိခိုက်ဒဏ်ရာရပြီး အရပ်သား နေအိမ် နှစ်အိမ် ထိခိုက်ပျက်စီးခဲ့ပါသည်။ | | | ၂ | ၂ |
| ၁၇ | ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ၊ ၂၉ ရက် | ကွတ်ခိုင်မြို့နယ် နမ့်ဖက်ကာ ရပ်ကွက် (၂)၊ ဟိုပုံရွာနှင့် စီတပန်းရွာ | အကြမ်းဖက်စစ်ကောင်စီ ရမ်းသမ်း ပစ်ခတ်လိုက်သည့် လက်နက်ကြီး ကြောင့် (၂) ဦးသေဆုံးပြီး (၆) ဦး ဒဏ်ရာရရှိနေသည်။ | | | ၈ | ၈ |
| ၁၈ | ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ၊ ၁ ရက် | ကွတ်ခိုင်မြို့နယ် စီတပန်း ကျေးရွာ | အကြမ်းဖက်စစ်ကောင်စီ (၁၂၃) တပ် စခန်းမှ စီတပန်းကျေးရွာ ဘက်သို့ လက်နက်ကြီးရမ်းသမ်းပစ်ခတ်ခြင်း ကြောင့် (၁)ဦး သေဆုံးပြီး (၃)ဦး ဒဏ်ရာရရှိခဲ့ပါသည်။ | | | 4 | 4 |
| ၁၉ | ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ၊ ၂၀ ရက် | မိုးကုတ်မြို့နယ် အထက်ညောင် ကုန်းကျေးရွာ | ဖြူရောင်ကျေးရွာ အခြေချသည့် စကစမှ အထက်ညောင်ကုန်း ကျေးရွာ ဘက်သို့ လက်နက်ကြီးဒရစပ်ပစ်ခတ်မှုကြောင့် တစ်ရွာလုံး နီးပါးပျက်စီးခဲ့သည်။ အမျိုးသမီး ၁ ဦး နှင့် ၅ နှစ် ကလေးသေဆုံပြီး အမျိုးသား ၄ ဦး ထိခိုက်ဒဏ်ရရခဲ့သည်။ | ၅ | ၂ | | ၇ |

| စဉ် | ချိုးဖောက်သည့် ရက်စွဲ | ချိုးဖောက်ကျူးလွန်သည့် နေရာ | ချိုးဖောက်မှုဖြစ်စဉ် | ကျူးလွန်ချိုးဖောက်ခံရသူ | | | |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | မသိ | ပေါင်း |
| ၂၀ | ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ၊ ၂၆ ရက် | ကွတ်ခိုင်မြို့နယ် နမ့်ဖတ်ကာ ကျေးရွာ | အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့ ရမ်းသမ်းပစ်ခတ်လိုက်သော လက်နက်ကြီးကြောင့် ဒေသခံနှစ်ဦး ထိမှန်ဒဏ်ရာ ရရှိခဲ့သည်။ | | | ၂ | ၂ |
| ၂၁ | ၂၀၂၃ ခုနှစ်၊ အောက်တိုလာလ၊ ၉ ရက် | သိန္နီမြို့နယ် ကောင်းချို ကျေးရွာ | ကိုယ်ဝန်ဆောင် အမျိုးသမီး တစ်ဦးသည် အကြမ်းဖက်စစ် ကောင်စီမှ ပတ်ခတ်လိုက်သည့် လက်နက်ကြီးစ ထိမှန်သဖြင့် နောက်ကျောတွင် ဒဏ်ရာရရှိခဲ့သည်။ | | ၁ | | ၁ |
| ၂၂ | ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ၊ ၁၁ ရက် | မူဆယ်မြို့နယ် မိုင်းယု ရွာမ ကျေးရွာ | မူဆယ်မှ အကြမ်းဖက်စစ်ကောင်စီတပ် စစ်ကူပစ်ခတ်လာသည့် လက်နက်ကြီးကြောင့် ရေခပ်ပြန်လာသည့် ရွာမအမျိုးသား တစ်ဦးထိခိုက်သေဆုံးခဲ့ရသည်။ | ၁ | | | ၁ |
| ၂၃ | ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ၊ ၂၆ ရက် | မူဆယ်မြို့နယ် မိုင်းယုရွာမ ကျေးရွာ | မူဆယ်မှ အကြမ်းဖက်စစ်ကောင်စီတပ် ပစ်ခတ်လာသည့် လက်နက်ကြီးများကြောင့် ရွာမကျေးရွာအတွင်း ကျရောက်ပေါက်ကွဲကာ လက်နက်ကြီးစများကြောင့် သားအမိ ၂ ဦး ထိခိုက်သေဆုံးပြီး ၁ ဦး ဒဏ်ရာရရှိပါသည်။ | ၂ | ၂ | | ၄ |
| ၂၄ | ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ၊ ၂၉ ရက် | နမ္မတူမြို့နယ် အီနိုင်းကျေးရွာ အဝင်လမ်း | လားရှိုးသို့ ဆိုင်ကယ်ဖြင့် ပြန်လာသော လင်မယားနှစ်ဦးသည် အကြမ်းဖက်စစ်ကောင်စီ၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် ဇနီးဖြစ်သူက ခြေသလုံးတွင် ပြင်းထန်စွာဒဏ်ရာ ရရှိခဲ့သည်။ | | ၁ | | ၁ |
| ၂၅ | ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ၊ ၂၉ ရက် | ကွတ်ခိုင်မြို့နယ်၊ နမ်ဖတ်ကာ ကျေးရွာ၊ အေးလေး ရပ်ကွက် | ခလရ ၁၂၃ တပ်မှတပ်မှ ပတ်ခတ်လာသော လက်နက်ကြီးထိမှန်ပြီး ဆေးကုသခွင့် မရဘဲသွေးထွက်လွန်ကာ သေဆုံးခဲ့ရသည်။ | ၁ | | | ၁ |
| ၂၆ | ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက် | ကွတ်ခိုင်မြို့နယ် ရပ်ကွက်(၄) | နေအိမ်တွင် ထင်မီးထိုင်လှုံနေကြစဉ် လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် အမျိုးသား ၁ ဦးသေးဆုံးကာ ၁ ဦး ဒဏ်ရာရရှိခဲ့သည်။ | ၂ | | | ၂ |



| စဉ် | ချိုးဖောက်သည့် ရက်စွဲ | ချိုးဖောက်ကျူးလွန်သည့် နေရာ | ချိုးဖောက်မှုဖြစ်စဉ် | ကျူးလွန်ချိုးဖောက်ခံရသူ | | | |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | မသိ | ပေါင်း |
| ၂၇ | ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ၊ ၂ ရက် | ကွတ်ခိုင်မြို့နယ် ဟိုနောင်ကျေးရွာ | ကလေးကို မထင်းကျွေးနေစဉ် ဗျူဟာအမြောက်တပ်ကုန်းမှ ပစ်ခတ်လာသည့် လက်နက်ကြီးနှစ်လုံး ကျရောက်ပေါက်ကွဲပြီး သားအမိနှစ်ဦး ဒဏ်ရာပြင်ထန်စွာ ရရှိခဲ့သည်။ | ၁ | ၁ | | ၂ |
| ၂၈ | ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ၊ ၃ ရက် | သိန္နီမြို့နယ် | ကျောင်းခမ်းဘုန်းကြီးကျောင်းအတွင်း ဒရုန်းဖြင့် ဗုံးကြဲခံရခြင်းကြောင့် ကလေးအပါအဝင် ဒေသခံ (၁၀) ဦး ဒဏ်ရာရရှိပြီး ဆယ်တန်းကျောင်းသူ တစ်ဦး သေဆုံးသွားသည်။ | ၁ | ၁ | ၉ | ၁၁ |
| ၂၉ | ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ၊ ၁၂ ရက် | မိုးမိတ်မြို့နယ် အုန်းကြောရွာသစ် | နေအိမ်ပေါ်သို့ လက်နက်ကြီးကျရောက်ပေါက်ကွဲခြင်းကြောင့် ပြည်သူ ၆ ဦး အစုအလိုက်အပြုံသေဆုံးပြီး ၁ ဦး ဒဏ်ရာရရှိခဲ့သည်။ | | | ၇ | ၇ |
| ၃၀ | ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ၊ ၁၇ ရက် | မိုးမိတ်မြို့နယ် တောင်ပိုင်း ရပ်ကွက် | တိုက်ပွဲဖြစ်ပွားသည့်အချိန် မီးဖိုချောင်တွင် ပုန်းနေစဉ် လက်နက်ကြီးကျရောက်ပေါက်ကွဲခြင်းကြောင့် ပြည်သူ ၆ ဦး အစုအပြုံလိုက်သေဆုံးပြီး ၁ ဦး ဒဏ်ရာရရှိခဲ့သည်။ | ၃ | ၄ | | ၇ |
| ၃၁ | ၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ၊ ၁၈ရက် | မိုးကုတ်မြို့နယ် ပိန်းပြစ်ကျေးရွာ | အကြမ်းဖက်စစ်တပ်မှ တန်ခေါင်ယံအချိန်တွင် လက်နက်ကြီး ရမ်းပစ်ခတ်ခဲ့ခြင်းကြောင့် အရပ်သားနေအိမ်အပေါ်တွင် ကျရောက်ပေါက်ကွဲခဲ့ပြီး ကလေးငယ် (၂) ဦးနှင့် ၎င်းမိဘနှစ်ဦးကိုပါ ကျည်စထိ မှန်ဒဏ်ရာရရှိခဲ့ပြီး ဖခင်ဖြစ်သူမှာ အခင်းဖြစ်ပွားသည့်နေရာတွင် ပွဲချင်ပြီးသေဆုံးသွားခဲ့ပါသည်။ | ၁ | ၃ | | ၄ |
| ၃၂ | ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ၊ ၁၈ ရက် | မိုးကုတ်မြို့နယ် မဏိဝံသ ကျောင်းတိုက် | လက်နက်ကြီးပစ်ခတ်မှုကြောင့် မဏိဝံသ ကျောင်းထိုင်ဆရာတော် တစ်ပါး ပွဲချင်းပြီးသေဆုံး | ၁ | | | ၁ |
| ၃၃ | ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ၊ ၁၉ ရက် | မိုးမိတ်မြို့နယ် အာသံကျေးရွာ | လက်နက်ကြီးကျရောက်ပေါက်ကွဲခြင်းကြောင့် အမျိုးသမီး ၁ ဦး ပွဲချင်းပြီးသေဆုံးခဲ့သည်။ | | ၁ | | ၁ |

| စဉ် | ချိုးဖောက်သည့် ရက်စွဲ | ချိုးဖောက်ကျူး လွန်သည့် နေရာ | ချိုးဖောက်မှုဖြစ်စဉ် | ကျူးလွန်ချိုးဖောက်ခံရသူ | | | |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | မသိ | ပေါင်း |
| ၃၄ | ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ၊ ၁၉ ရက် | မိုးမိတ်မြို့နယ် တောင်ပိုင်း ရပ်ကွက်/ နယ်မြေ-၇ | လက်နက်ကြီးကျည်ထိမှန်သည့် အမျိုးသမီး ၁ ဦး လမ်းတစ်ဝက်တွင် သေဆုံးသွားခဲ့သည်။ | | ၁ | | ၁ |
| ၃၅ | ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၀ ရက် | မိုးမိတ်မြို့နယ် မြောက်ပိုင်း ရပ်ကွက် | ဒရုန်းဗုံးလက်နက်ကျရောက်ပေါက်ကွဲခြင်းကြောင့် သက်ကြီးရွယ်အို ၁ ဦး ထိခိုက်ဒဏ်ရာရပြီး အဘိုးအို ၁ ဦး သေဆုံးခဲ့သည်။ | ၁ | ၁ | | ၂ |
| ၃၆ | ၂၀၂၄ ခုနှစ်၊ ဇွန်လ၊ ၂၅ ရက် | ကျောက်မဲ မြို့နယ် ရပ်ကွက်(၄) | လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် ခြေတစ်ဖက်ဆုံးရှုံးခဲ့ရသည်။ | ၁ | | | ၁ |
| ၃၇ | ၂၀၂၄ ခုနှစ်၊ ဇွန်လ၊ ၂၅ ရက် | ကျောက်မဲ မြို့နယ် ရန်ကင်း ရပ်ကွက်(၁) | အရပ်သားနေအိမ်တစ်လုံးပေါ်သို့ လက်နက်ကြီးကျရောက် ပေါက်ကွဲသဖြင့် မိသားစုဝင် (၄)ဦးစလုံး သေဆုံးသွားခဲ့ရပါသည်။ | | | ၄ | ၄ |
| ၃၈ | ၂၀၂၄ ခုနှစ်၊ ဇွန်လ ၊၂၆ ရက် | မိုးကုတ်မြို့နယ်၊ အနောက်ပိုင်း ကျောက်ဆောင် ရပ်ကွက်နှင့် အောင်သစ်လွင် ရပ်ကွက် | လက်နက်ကြီး နေအိမ်အပေါ် လက်နက်ကျရောက်ပေါက်ကွဲမှုဖြစ်ပြီး မိသားစုဝင် ၅ဦးထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နေအိမ်လည်း ထိခိုက်ပျက်စီးခဲ့ရသည်။ | ၂ | ၃ | | ၅ |
| ၃၉ | ၂၀၂၄ ခုနှစ်၊ ဇွန်လ ၊၂၆ ရက် | မိုးကုတ်မြို့နယ်၊ အနောက်ပိုင်း ကျပ်ပြင်အုပ်စု အုတ်အင်းရွာသစ် နှင့် ကျော်အော်ကျေးရွာ | ၁၀၂၇ စစ်ဆင်ရေး ဒုတိယအပိုင်းတွင်း ဖြစ်ပွားသော မြို့သိမ်းတိုက်ပွဲနှင့် စခန်းသိမ်းတိုက်ပွဲမှ လက်နက်ကြီးကြောင့် အမျိုးသား၂ဦးနှင့် အမျိုးသမီး၂ဦးထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ | ၂ | ၂ | | ၄ |
| ၄၀ | ၂၀၂၄ ခုနှစ်၊ ဇွန်လ ၊၂၇ ရက် | မိုးကုတ်မြို့နယ်၊ အနောက်ပိုင်း သူဌေးကုန်း ရပ်ကွက် | တအောင်းပူးပေါင်းတပ်နှင့် အကြမ်းဖက်စစ်ကောင်စီ တို့အကြား ဖြစ်ပွားသော မြို့သိမ်းတိုက်ပွဲမှာ သူဌေးကုန်းရပ်ကွက်သို့ လက်နက်ကြီး ကျရောက်မှုကြောင့် ဒေသခံ ၅ဦးသေဆုံးပြီး ၁ဦးဒဏ်ရာရရှိခဲ့ပါသည်။ | ၄ | ၂ | | ၆ |



| စဉ် | ချိုးဖောက်သည့် ရက်စွဲ | ချိုးဖောက်ကျူး လွန်သည့် နေရာ | ချိုးဖောက်မှုဖြစ်စဉ် | ကျူးလွန်ချိုးဖောက်ခံရသူ | | | |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | မသိ | ပေါင်း |
| ၄၁ | ၂၀၂၄ ခုနှစ်၊ ဇွန်လ၊ ၂၈ ရက် | ကျောက်မဲ မြို့နယ် အုတ်ကျင်း ရပ်ကွက် | စစ်တပ်ရေကန်အနီးရှိ နေအိမ်တစ်လုံးဘေးတွင် လက်နက်ကြီး ကျရောက်ပေါက်ကွဲမှုကြောင့် ကလေးတစ်ဦး အပါအဝင် ၅ ဦး ပွဲချင်းပြီးသေဆုံးခဲ့သည်။ | | | ၅ | ၅ |
| ၄၂ | ၂၀၂၄ ခုနှစ်၊ ဇွန်လ၊ ၂၉ ရက် | ကျောက်မဲ မြို့နယ် ထုံးဖို ရပ်ကွက် (၈) | ရွှေကျင် ဘုန်းကြီးကျောင်းအနီးရှိ နေအိမ်တစ်အိမ်ပေါ်လက်နက်ကြီး ကျပေါက်ကွဲ သဖြင့် အမျိုးသမီး (၂) ဦးသေဆုံးခဲ့ရသည်။ | | ၂ | | ၂ |
| ၄၃ | ၂၀၂၄ ခုနှစ်၊ ဇွန်လ၊ ၂၉ရက် | ကျောက်မဲ မြို့နယ် ဆေးရုံ အနောက်ရှိ ပိန္နဲ ဘုန်းကြီး ကျောင်း | အကြမ်းဖက်စစ်ကောင်စီ ရမ်သမ်းပတ်ခတ်လိုက်သော လက်နက်ကြီးကြောင့် ကျောင်းထိုင်ဆရာတော်နှင့် ဦးပဇင်း (၃)ပါးတို့ ဒဏ်ရာရရှိခဲ့သည်။ | ၃ | | | ၃ |
| ၄၄ | ၂၀၂၄ ခုနှစ်၊ ဇွန်လ ၊၂၉ ရက် | မိုးကုတ်မြို့နယ်၊ အရှေ့ပိုင်း မင်းတံတား ရပ်ကွက် | အကြမ်းဖက်စစ်ကောင်စီ၏ လက်နက်ကြီးကြောင့် မင်းတံတား ရပ်ကွက် နယ်မြေ (၁၀)မှ ဒေသခံ ၂ ဦး ထိမှန်ဒဏ်ရာရရှိခဲ့ပါသည် | ၁ | ၁ | | ၂ |
| ၄၅ | ၂၀၂၄ ခုနှစ်၊ ဇွန်လ ၊၂၉ ရက် | မိုးမိတ်မြို့နယ် ညောင်နီ ကျေးရွာ | မီးဖိုချောင်မှာ ဟင်းချက်နေစဉ် အကြမ်းဖက်စစ်ကောင်စီ၏ ဒရုန်းဗုံးကြောင့် အမျိုးသမီးနှစ်ဦးထိခိုက်ဒဏ်ရာ ရရှိခဲ့ပါသည်။ | | ၂ | | ၂ |
| ၄၆ | ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ၊ ၃ ရက် | လားရှိုးမြို့နယ် ရပ်ကွက်(၁) သာယာလမ်း | နေအိမ်တစ်လုံးပေါ်တွင် လက်နက်ကြီးကျရောက်ပေါက်ကွဲပြီး ကလေးအပါအဝင် မိသားစုဝင် (၆) ဦး သေဆုံးသွားခဲ့သည်။ | | | ၆ | ၆ |
| ၄၇ | ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ၊ ၃ ရက် | လားရှိုးမြို့နယ် ပန်အုပ်ဘုန်းကြီး ကျောင်း | လက်နက်ကြီး တစ်လုံးကျရောက်ပေါက်ကွဲပြီး စစ်ရှောင်နေသည့် ဒေသခံ ၂ ဦး သေဆုံးပြီး သံဃာတော် အပါအဝင် (၉) ဦး ထက်မနည်း ဒဏ်ရာရရှိခဲ့သည်။ | ၁၀ | ၁ | | ၁၁ |
| ၄၈ | ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ၊ ၃ ရက် | လားရှိုးမြို့နယ် ရပ်ကွက်(၉) နယ်မြေ(၃) | နေအိမ်ပေါ်သို့ လက်နက်ကြီး ကျရောက်ပေါက်ကြဲမှုဖြစ်ပြီး သားအမိ ၂ ဦး ထိခိုက်သေဆုံးခဲ့ရသည်။ | ၁ | ၁ | | ၂ |

| စဉ် | ချိုးဖောက်သည့် ရက်စွဲ | ချိုးဖောက်ကျူး လွန်သည့် နေရာ | ချိုးဖောက်မှုဖြစ်စဉ် | ကျူးလွန်ချိုးဖောက်ခံရသူ | | | |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | မသိ | ပေါင်း |
| ၄၉ | ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ၊ ၄ ရက် | လားရှိုးမြို့နယ် ရပ်ကွက် (၁၁) | ရပ်ကွက်အတွင်း လက်နက်ကြီးများ ကျရောက် ပေါက်ကွဲမှုကြောင့် ရပ်ကွက် (၁၁) တွင် နေထိုင်သော ဒေသခံ (၃) ဦး ထိခိုက်သေဆုံးခဲ့သည်။ | | | ၃ | ၃ |
| ၅၀ | ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ၊ ၄ ရက် | လားရှိုးမြို့နယ် ရန်တိုင်းအောင် ဘုရားအနောက် | ရန်တိုင်းအောင် ဘုရားအနောက်ဘက်တွင်လည်း လက်နက်ကြီး ကျရောက် ပေါက်ကွဲမှုဖြစ်ပြီး ဒေသခံ ၃ ဦး ထိမှန်ဒဏ်ရာရရှိသည်။ | | | ၃ | ၃ |
| ၅၁ | ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ၊ ၄ ရက် | လားရှိုးမြို့နယ် နမ့်ပေါင် ကျေးရွာ | ကျေးရွာအတွင်း လက်နက်ကြီးများ ကျရောက် ပေါက်ကွဲမှုကြောင့် ဒေသခံ(၃)ဦး ထိခိုက်သေဆုံးခဲ့သည်။ | ၂ | ၁ | | ၃ |
| ၅၂ | ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ၊ ၅ ရက် | လားရှိုးမြို့နယ် ဂျိန်းဖော့သူ စာသောက်ဆိုင် | ရပ်ကွက်အတွင်း လက်နက်ကြီးများ ကျရောက် ပေါက်ကွဲမှုကြောင့် ဒေသခံ အမျိုးသား ၁ ဦး သေဆုံးပြီး ၁ ဦး ဒဏ်ရာရခဲ့သည်။ | ၂ | | | ၂ |
| ၅၃ | ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ၊ ၅ ရက် | မိုးကုတ်မြို့နယ် ဘောလုံးကြီး ကျေးရွာ | အိမ်ထဲရှိနေချိန်တွင် အကြမ်းဖက်စစ်ကောင်စီ၏ လက်နက်ကြီး ရမ်းသမ်း ပစ်ခတ်မှုကြောင့် ၂ ဦး သေဆုံးပြီး ၄ ဦး ဒဏ်ရာရ ရှိခဲ့ပါသည်။ | ၅ | ၁ | | ၆ |
| ၅၄ | ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ၊ ၅ ရက် | လားရှိုးမြို့နယ် ရပ်ကွက်(၇) | စိတ္တသုခ ဘုန်းကြီးကျောင်းပရဝုဏ်အတွင်း ရှော့တိုက်ဒုံး (လက်နက်ကြီး) ကျရောက်ပေါက်ကွဲခဲ့ခြင်းကြောင့် ကိုရင် ၃ ပါး ထိခိုက်ကာ ဒဏ်ရာပြင်းထန်စွာရရှိခဲ့ပါသည်။ | ၃ | | | ၃ |
| ၅၅ | ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ၊ ၅ ရက် | လားရှိုးမြို့နယ် ရပ်ကွက်(၅) | မန်ကောင်းဘုန်းကြီးကျောင်း လက်နက်ကြီး ထပ်မံကျရောက်ခဲ့တာကြောင့် ကလေးတစ်ဦးနှင့် အမျိုးသား တစ်ဦး ပြင်းထန်ဒဏ်ရာရရှိခဲ့ပြီး | ၁ | | ၁ | ၂ |
| ၅၆ | ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ၊ ၇ ရက် | မိုးမိတ်မြို့နယ် လယ်ကြီး ကျေးရွာ | လက်နက်ကြီးကျရောက်ပေါက်ကွဲခြင်းကြောင့် အမျိုးသား ၂ ဦး နှင့် အမျိုးသမီး ၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ | ၂ | ၁ | | ၃ |



| စဉ် | ချိုးဖောက်သည့် ရက်စွဲ | ချိုးဖောက်ကျူး လွန်သည့် နေရာ | ချိုးဖောက်မှုဖြစ်စဉ် | ကျူးလွန်ချိုးဖောက်ခံရသူ | | | |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | မသိ | ပေါင်း |
| ၅၇ | ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ၊ ၉ ရက် | မိုးမိတ်မြို့နယ် နမ့်ခမ်းအင့် (ခေါ်) ရွှေတောင်ဦးရပ်ကွက် | အကြမ်းဖက် စစ်ကောင်စီတပ်ဖွဲ့မှ လက်နက်ကြီးများ ပစ်ခတ်မှုကြောင့် ကလေးငယ် ၁ ဦး သေဆုံးသွားခဲ့ပြီး အမျိုးသမီး ၁ ဦးနှင့် ကလေးငယ် ၁ ဦး ထိမှန်ဒဏ်ရာရရှိခဲ့သည်။ သရက်တော ကျေးရွာ၏ ဘုန်းတော်ကြီး ကျောင်းတွင် လက်နက်ကြီး တစ်လုံး ကျရောက်ပေါက်ကွဲမှုတွင် ဘုန်းကြီး တစ်ပါး ပျံလွန်တော်မူခဲ့ရသည်။ ဘုန်းကြီးမသေပါ ဖြုတ်မည်။ | ၁ | ၁ | ၂ | ၄ |
| ၅၈ | ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ၊ ၁၀ ရက် | မိုးကုတ်မြို့နယ်၊ အရှေ့ပိုင်း မင်းတံတားရပ်ကွက်၊ နယ်မြေ(၉) | မီးဖိုချောင်တွင် လက်နက်ကြီး ကျရောက်မှုကြောင့် သားအမိနှစ်ဦး လက်နက်စမှန်ပြီး မိခင်ဖြစ်သူက ပွဲချင်းပြီးသေဆုံး၍ သားဖြစ်သူ ဒဏ်ရာရ ရှိခဲ့ပါသည်။ | ၁ | ၁ | | ၂ |
| ၅၉ | ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ၊ ၁၂ ရက် | မိုးကုတ်မြို့နယ် မင်းတံတား/နမ-၉ | အိမ်အောက်တွင် ပုန်းနေစဉ် ကိုးဝင်းတောင်ခြေမှ ပစ်ခတ်လာသည့် ဒရုန်း လက်နက်ကြီးပေါက်ကွဲပြီး အမျိုးသမီး ၁၊ အမျိုးသား ၁ ဒဏ်ရာရခဲ့သည်။ | ၁ | ၁ | | ၂ |
| ၆၀ | ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ၊ ၁၂-၁၃ ရက် | လားရှိုးမြို့နယ် အေဒီတံတားနှင့် ဟိုပိတ်ကျေးရွာ | လက်နက်ကြီး/ရှော့တိုက်ဒုံးများ ကျရောက်ပေါက်ကွဲမှုကြောင့် ဒေသခံ ၁ ဦးသေဆုံးပြီး ၅ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ပါ သည်။ | | | ၅ | ၅ |
| ၆၁ | ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ၊ ၁၅ ရက် | မိုးကုတ်မြို့နယ် မစိုးရိမ်ကျောင်းတိုက်မှ ဒီးဒုတ်သျှို ရပ်ကွက် | မိုးကုတ်(အရှေ့ပိုင်း) မစိုးရိမ်ကျောင်းတိုက်မှ ရပ်ကွက်အတွင်းသို့ ချော်ကျလာသည့် မော်တာကျည်ကျရောက်ပေါက်ကွဲမှုကြောင့် အမျိုးသား ၁ ဦး ပွဲချင်းပြီးသေဆုံး၊ အမျိုးသမီး ၁ ဦး အပြင်းအထန်ဒဏ်ရာရခဲ့သည်။ | ၁ | ၁ | | ၂ |
| ၆၂ | ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ၊ ၁၇ ရက် | မိုးကုတ်မြို့နယ်၊ အနောက်ပိုင်း ပန်းမချယ်ရီ ရပ်ကွက်အတွင်း | အရှေ့ပိုင်းဗျူဟာကုန်းမှ ပစ်ခတ်လာသည့် လက်နက်ကြီး ရပ်ကွက်အတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး ၃ ဦး သေဆုံးခဲ့ပြီး ၄ ဦး သည် ပြင်းထန်ဒဏ်ရာရရှိခဲ့သည်။ | ၃ | ၄ | | ၇ |

| စဉ် | ချိုးဖောက်သည့် ရက်စွဲ | ချိုးဖောက်ကျူး လွန်သည့် နေရာ | ချိုးဖောက်မှုဖြစ်စဉ် | ကျူးလွန်ချိုးဖောက်ခံရသူ | | | |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | မသိ | ပေါင်း |
| ၆၃ | ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ၊ ၁၇ ရက် | မိုးကုတ်မြို့နယ် မြို့မ ၂ ရပ်ကွက် | ဆိုင်အရှေ့တွင် ကျရောက်ပေါက်သည့် ဒရုန်းလက်နက်ကြီးကြောင့် ညီအစ်ကိုနှစ်ဦး ထိမှန်ခဲ့သည်။ | ၂ | | | ၂ |
| ၆၄ | ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ၊ ၁၇ ရက် | မိုးကုတ်မြို့နယ်၊ အရှေ့ပိုင်း ရေပူရပ်ကွက် | အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့မှ ပစ်ခတ်လာသည့် လက်နက်ကြီးကြောင့် ရေပူရပ်ကွက်တွင် နေထိုင်သည့် ဒေသခံ ၁ ဦးသေဆုံးပြီး ၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ | ၃ | ၁ | | ၄ |
| ၆၅ | ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ၊ ၁၈ရက် | မိုးကုတ်မြို့နယ်၊ အရှေ့ပိုင်း ညောင်လေးပင်ကျေးရွာ | အိမ်ထဲရှိနေချိန်တွင် အကြမ်းဖက်စစ်ကောင်စီ၏ လက်နက်ကြီးကြောင့် ဒေသခံ၄ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ | ၃ | ၁ | | ၄ |
| ၆၆ | ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ၊၁၈ ရက် | မိုးကုတ်မြို့ အရှေ့ပိုင်း မြို့မ အုပ်စု ဈေးသစ်ရပ်ကွက် | ဈေးသစ်ရပ်ကွက်မှာ ဒရုန်းဗုံးနှင့် လက်နက်ကြီးကြောင့် ကလေးနှစ်ဦး အပါအဝင် ဒေသခံ ၂ ဦးသေဆုံးပြီး ၂ ဦး ထိခိုက် ဒဏ်ရာရရှိခဲ့ပါသည်။ | ၃ | ၁ | | ၄ |
| ၆၇ | ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ၊၁၈ ရက် | မိုးကုတ်မြို့နယ် အရှေ့ပိုင်း ရှောလီဝိုင်းအုပ်စု ကုန်းမြင့်သာယာ ရပ်ကွက | ကုန်းမြင့်သာယာရပ်ကွက်ရှိ စာသင်ကျောင်းတွင် PDF စစ်သားများရှိသည်ဟု အကြမ်းဖက်စစ်တပ်မှ လေးမျက်နှာဘုရား မှ ဒရုန်းဟု ယူဆရသည့် လက်နက်ကြီး ပစ်ခတ်မှုကြောင့် ဒေသခံ ၄ ဦး သေဆုံးခဲ့ပါသည်။ | ၄ | | | ၄ |
| ၆၈ | ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ၊ ၁၈ ရက် | မိုးမိတ်မြို့နယ် မြောက်ပိုင်း ရပ်ကွက် | မိုးမိတ်မြို့လယ် မြောက်ပိုင်းရပ်ကွက် ရုပ်ရုပ်ရုံတွင် လက်နက်ကြီးကျရောက်ပေါက်ကွဲခြင်းကြောင့် ဒေသခံ အမျိုးသား ၅ ဦး သေဆုံး၊ ၁ ဦး ဒဏ်ရာရရှိခဲ့သည်။ | ၆ | | | ၆ |
| ၆၉ | ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ၊ ၂၀ ရက် | မိုးကုတ်မြို့နယ် ရွှေဘုံသာ ရပ်ကွက် | ဒရုန်းဟုယူဆရသည့် လက်နက်ကြီး တစ်လုံး ကျရောက်ပေါက်ကွဲခဲ့သောကြောင့် ရပ်ကွက်ပြည်သူ အမျိုးသား ၁ ဦးကို ထိမှန်ပြီး ဒဏ်ရာရရခဲ့သည်။ | ၁ | | | ၁ |



| စဉ် | ချိုးဖောက်သည့် ရက်စွဲ | ချိုးဖောက်ကျူး လွန်သည့် နေရာ | ချိုးဖောက်မှုဖြစ်စဉ် | ကျူးလွန်ချိုးဖောက်ခံရသူ | | | |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | မသိ | ပေါင်း |
| ၇၀ | ၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၊ ၁၉ရက် | မိုးကုတ်မြို့နယ်၊ အရှေ့ပိုင်း ချမ်းမြေ့သာယာ ရပ်ကွက်နှင့် မင်္ဂလာသုခ ရပ်ကွက် | သူငယ်ချင်းအိမ်သွာလည်နေချိန်တွင် အကြမ်းဖက်ကောင်စီ အသုံးပြုသည့် လက်နက်ကြီးကြောင့် ဒေသခံ အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိပြီး တစ်ဦးသေဆုံးခဲ့ပါသည်။ | ၂ | | | ၂ |
| ၇၁ | ၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၊ ၂၁ရက် | မိုးကုတ်မြို့နယ်၊ အရှေ့ပိုင်း စည်ပင်သာယာ ရပ်ကွက် | အကြမ်းဖက်စစ်ကောင်စီ၏ လက်နက်ကြီးနှင့် လေယာဉ်ဗုံးကြောင့် ဒေသခံ ၃ ဦးထိခိုက်ဒဏ်ရာရရှိပြီး ၁ ဦး ထိခိုက်သေဆုံးခဲ့ပါသည်။ | ၂ | ၂ | | ၄ |
| ၇၂ | ၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၊ ၂၂ရက် | မိုးကုတ်မြို့နယ် အရှေ့ပိုင်း ညောင်သုံးပင် ရပ်ကွက် | တောင်လှန်ရေးတပ်ဖွဲ့ ရှိမည်ထင်သည့်နေရာကို အကြမ်းဖက်စစ်ကောင်စီမှ ဒရုန်းနှင့် လက်နက်ကြီး အကြောင်းမဲ့ ပစ်ခတ်မှုကြောင့် အရပ်သား၃ဦးသေဆုံးပြီး ၃ဦး ဒဏ်ရာရရှိခဲ့ပါသည်။ | ၄ | ၂ | | ၆ |
| ၇၃ | ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ၊ ၂၃ ရက် | မိုးကုတ်မြို့နယ် မိုတယ်အရှေ့ ဘက် | မိုးကုတ်မိုတယ်အရှေ့တွင် လက်နက်ကြီးကျရောက်ပေါက်ကွဲပြီး အသက်မပြည့်သေးသည် ယောကျာ်းလေး ၁ ဦးသေဆုံးပြီး ၊ ၁ ဦး အပြင်းအထန် ဒဏ်ရာရခဲ့သည်။ | ၂ | | | ၂ |
| ၇၄ | ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ၊ ၃၀ ရက် | မိုးကုတ်မြို့နယ် အာသံကျေးရွာ | လက်နက်ကြီးကျည်ထိမှန် အမျိုးသား ၁ ဦး ဒဏ်ရာရခဲ့သည်။ | ၁ | | | ၁ |
| ၇၅ | ၂၀၂၄ခုနှစ်၊ ဇူလိုင်လ | မိုးကုတ်မြို့နယ် အရှေ့ပိုင်း မြို့မ အုပ်စု | မင်္ဂလာသုခ ရပ်ကွက်တွင် လက်နက်ကြီးကျရောက်၍ အမျိုးသား၁ဦးနှင့်အမျိုးသမီး၁ဦး ထိခိုက် ဒဏ်ရာရရှိခဲ့ပါသည်။ | ၁ | ၁ | | ၂ |
| ၇၆ | ၂၀၂၄ခုနှစ်၊ ဇူလိုင်လ၊ | မိုးကုတ်မြို့နယ် အုန်းကိုင်း ရပ်ကွက်၊ ရေပူ အုပ်စု | ရေပေါက်တစ်ရာကျေးရွာတွင် ဒရုန်းဟု ယူဆရသည့် လက်နက်ကြီး တစ်လုံး နေအိမ်ပေါ်တွင် ကျရောက်ပေါက်ကွဲပြီး ၂၆ ရက်သား (ကလေး) နှင့် အဖတို့ ၂ ဦးပွဲချင်းပြီးသေဆုံးခဲ့ပြီး အမျိုးသမီးဖြစ်သူနှင့် နောက်ထပ် အမျိုးသမီး ၂ ဦး နဲ့ အမျိုးသား ၁ ဦး အပြင်းအထန်ဒဏ်ရာရရှိခဲ့သည်။ | ၃ | ၃ | | ၆ |

| စဉ် | ချိုးဖောက်သည့် ရက်စွဲ | ချိုးဖောက်ကျူး လွန်သည့် နေရာ | ချိုးဖောက်မှုဖြစ်စဉ် | ကျူးလွန်ချိုးဖောက်ခံရသူ | | | |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | မသိ | ပေါင်း |
| ၇၇ | ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ၊ ၁၀ ရက် | မိုးမိတ်မြို့နယ် လက်ခုပ်တန်း ရပ်ကွက် | လက်နက်ကြီးအိမ်ဘေး ကျရောက် ပေါက်ကွဲပြီး အမျိုးသမီး ၁ ဦး ဒဏ်ရာရရှိခဲ့သည်။ | | ၁ | | ၁ |
| ၇၈ | ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ၊ ၃ ရက် | ရပ်စောက် မြို့နယ် ဝါးပြားကျေးရွာ | အိမ်ထဲ ဝင်လာချိန်တွင် စစ်ကောင်စီမှ တော်လှန်ရေး တပ်ဖွဲ့များရှိနေသည်ဟု သတင်းရသောကြောင့် လေကြောင်းမှ အကြောင်းမဲ့တိုက်ခိုက်ခဲ့ခြင်းကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ ပါသည်။ | | ၁ | | ၁ |
| ၇၉ | ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ၊ ၄ ရက် | မန်တုံမြို့နယ် အောင်ချမ်းသာ ရပ်ကွက်နှင့် မြို့မတံတား အနီး | အကြမ်းဖက်စစ်ကောင်စီ မှ လေကြောင်းဖြင့် ပေါင်၃၀၀ (၂) လုံး လာရောက်ကြဲခြင်းကြောင့် အမျိုးသား တစ်ဦး ဗုံးကျည်အစ ထိမှန်ဒဏ်ရာ ရရှိခဲ့သည်။ လက်ဖက်စက်ရုံပျက်စီး ခဲ့သည်။ | ၁ | | | ၁ |
| စုစုပေါင်း | | | | ၁၀၉ | ၆၂ | ၉၃ | ၂၆၄ |



ဇယား (၃) မြေမြှုပ်မိုင်း

